သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနင်္သာရီတိုင်းအတွင်း ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)သို့တက်ရောက်၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ဆီအိုးကြီးဖြစ်လာမည်မှာသေချာ ပြည်တွင်းစားသုံးဆီဖူလုံရုံသာမက ပြည်ပသို့ပင်တင်ပို့နိုင်မည် နိုင်ငံတော်နှင့်လုပ်ငန်းရှင်များအတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်

ရန်ကုန် ဧပြီ ၅

တနင်္သာရီတိုင်းအတွင်း ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး(၂/၂၀၀၄)ကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမဦးကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ *စာမျက်နှာ ၃ ကော်လံ ၁* ●

ရေယာဉ်တည်ဆောက်မှုများတိုးတက်အောင်မြင်နေသောအလုံသင်္ဘောကျင်း နှစ်စဉ်ရေယာဉ်တည်ဆောက်မှု၊ ပြုပြင်မှုများဆောင်ရွက်ပေးနေ

သတင်းဆောင်းပါး–မြင့်စိုး

ဓာတ်ပုံမှတ်တမ်း–ထွေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံသည် မြစ်ချောင်းများပေါများသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၏ အခန်းကဏ္ဍသည်လည်း အရေးပါလျက်ရှိသည်။

မြစ်ချောင်းများတွင် စုန်ဆန်ခုတ်မောင်း သွားလာနေကြသည့် ရေယာဉ်များ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချမှုရှိစေရန် ရေယာဉ်များပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို သင်္ဘောကျင်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါသင်္ဘောကျင်းများအနက် အလုံသင်္ဘောကျင်းသည်လည်း အပါအဝင်ဖြစ်သည်။ အလုံသင်္ဘောကျင်း၏ *စာမျက်နှာ ၉ ကော်လံ ၁* ■

အလုံသင်္ဘောကျင်း နှစ်(၁၀၀)ပြည့်ပြပွဲတွင် အလုံသင်္ဘောကျင်းက အောင်မြင်စွာထုတ်လုပ်ထားသည့် ရေယာဉ်သုံး စက်အရန်ပစ္စည်းများကို ခင်းကျင်းပြသထားစဉ်။
ဓာတ်ပုံမှတ်တမ်း–ထွေးကြည်(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၆ ရက်)

ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် အညီ စည်းကမ်းများလိုက်နာ သိမ်မွေ့သန့်စင်မွန်မြတ်သည့် ပွဲတော်ကြီးဖြစ်အောင် ကြိုးပမ်း

၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မကြာမီကာလတွင် ကျင်းပတော့မည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ကျင်းပရန်၊ ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ မိမိတို့၏တစ်နှစ်ပတ်လုံး ပင်ပန်းနွမ်းနယ်မှုကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်များနှင့်အညီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မဟာသင်္ကြန်ပွဲတော်ကြီး စည်းကမ်းစနစ်ကျနစွာဖြင့် ကျင်းပနိုင်ရန်အတွက် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယကအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးကော်မတီနှင့် ဆုချီးမြှင့်ရေးကော်မတီများကို ဖွဲ့စည်းထားပြီးဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ အမြတ်တနိုး တန်ဖိုးထားသည့် မွန်မြတ်သန့်စင်သော ရိုးရာဓလေ့ပွဲတော်ကြီး တစ်ခုဖြစ်သည်။ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားလေ့ရှိကြသည်။ ဥပုသ်သီတင်းသီလဆောက်တည်ကြသည်။ ဘေးမဲ့လွှတ်ပွဲများပြုလုပ်ကြသည်။ သွေးလှူဒါန်းပွဲများ ပြုလုပ်ကြသည်။ လူကြီးမိဘ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ကြသည်။

ယင်းကဲ့သို့ မြတ်နိုးဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာ အလေ့အထများပါဝင်သည့် သင်္ကြန်ပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ဆန့်ကျင်သည့် အပြော၊ အဆို၊ အပြုအမူ၊ ဝတ်စားဆင်ယင်မှုများနှင့် ကြမ်းတမ်းသည့် ရေကစားခြင်းများ မပြုလုပ်မိစေရန် ထိန်းသိမ်းကြရမည်ဖြစ်ပေသည်။ ထိုကဲ့သို့ မပြုလုပ်မိစေရန်အတွက် စည်းမျဉ်း၊ စည်းကမ်းများလည်း ထုတ်ပြန်ထားပြီးဖြစ်ပေသည်။

ယခုအခါ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပေါ်လွင်စေမည့် အလှအကၤ၊ သဘာဝပြိုင်ပွဲဝင်ယာဉ်များ၊ ယိမ်းအဖွဲ့များ၊ တေးသီချင်းဖျော်ဖြေမှုများ၊ ရေပက်ခံမဏ္ဍပ်များ၊ ဆုပေးမဏ္ဍပ်များဖြင့် စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်သည်။

ယင်းသို့ဆောင်ရွက်ကြရာတွင် အရိုးကိုအရွက်မဖုံးစေဘဲ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို မပျောက်ပျက်အောင် ဖျော်ဖြေကြရန် လိုပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်သည် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းအမွေပေးခဲ့သော မြန်မာတို့၏ သန့်စင်မွန်မြတ်သည့် အစဉ်အလာပွဲတော်ဖြစ်သည်။ ရှေးမြန်မာ လူကြီးသူမများ လက်ဆင့်ကမ်းအမွေပေးခဲ့သော အစဉ်အလာကောင်းများကို ယနေ့လူငယ်လူရွယ်များ မမေ့ပျောက်ကြရန် လိုအပ်ပေသည်။ မဟာရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲသူများသည် ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော အပြုအမူများကို ရှောင်ရှားပြီး ရိုးရာယဉ်ကျေးမှုကို အသိတရားရှိရှိ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရကို ပေါ်လွင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲမည့်တိုင်းရင်းသားပြည်သူများသည် နိုင်ငံနှင့်လူမျိုး၏ ဓလေ့စရိုက်နှင့် ကိုက်ညီသည့်သင်္ကြန်ပွဲတော် စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းလိုက်နာကြပြီး ပျော်ရွှင်ယဉ်ကျေးစွာ ပါဝင် ဆင်နွှဲခြင်းဖြင့် သိမ်မွေ့သန့်စင်မွန်မြတ်သည့် အစဉ်အလာပွဲတော်ကြီးဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လားရှိုးဒေသ ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လှည့်လည်စစ်ဆေး၊ လိုအပ်သည်များဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၅

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃ ရက်နံနက်ပိုင်းက လားရှိုးမြို့ မြကန်သာကန် ၁၈ဆင့်တိလောကဝိဇယဆုတောင်းပြည့်စေတီတော်သို့သွားရောက်ရာ စေတီတော်သွားကားလမ်းအသစ်တိုးချဲ့ဖောက်လုပ်နေသည့် လုပ်ငန်းခွင်၌ လုပ်ငန်းတာဝန်ခံပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က တိုးချဲ့ဖောက်လုပ်နေသည့် ကားလမ်းအသစ်၌ ကျောက်ခင်းကတ္တရာလမ်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လမ်းလုပ်ငန်း စနစ်တကျဆောင်ရွက်ရေး၊ လမ်းဘေးဝဲယာတွင် နှစ်ရှည်ပင်များနှင့် ကံ့ကော်ပန်းများ စနစ်တကျ အကွက်ချစိုက်ပျိုးရေးတို့ကို မှာကြားကာလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့သို့ သောက်သုံးရေ ဖြန့်ဖြူးပေးလျက်ရှိသည့် မြကန်သာကန် ၁၈ဆင့်အတွင်း ရေကန်အမှတ် (ဂ) သို့ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက်ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါးဧက ၁၂၀ စံပြစိုက်ကွင်းအတွင်း နွေစပါးစံပြ စိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ ရန်အောင်မြင်ရှေးဟောင်း ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်၍ စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်ရင်ပြင်ပေါ်၌ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ရန်အောင်မြင်ရှေးဟောင်းစေတီတော်အား ၄၂ ရွှေတိဂုံစေတီတော်ပုံစံတူ ဉာဏ်တော်အမြင့် ၆၃ပေ၊ ပန်းတင်ခုံအမြင့် ၀ိုးပေ၊ မုခ်ဦး သုံးခု၊ စေတီအရံလေးဆူ တည်ထားကိုးကွယ်တည်ဆောက်သွားမည့် ပုံစံအား ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးကသတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ မြန်မာမှုဗိသုကာလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ရေးမှာကြားကာစေတီတော် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၅

၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲကန်ဦးဇေတဝန် စာသင်တိုက်ဆရာတော်ဘဒ္ဒန္တ နန္ဒသာမိဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) အရှင်မြတ်အား တပည့်သံဃာနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဂုဏ်ပြုပူဇော်မည့် အဂ္ဂမဟာပဏ္ဍိတပူဇော်သဘင်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက်၊ ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုသူများသည် အကျိုးဆောင်အဖွဲ့ ကန်ဦးဇေတဝန်စာသင်တိုက် ရှစ်မိုင်ခွဲ ရွှေနှင်းဆီလမ်း မရမ်းကုန်းမြို့နယ် ဖုန်း–၆၆၃၀၉၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

အရိယာဓမ္မာရုံ သင်္ကြန်တရားပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကင်းမြို့နယ် မိုးကောင်းစေတီတော် အရိယာဓမ္မာရုံကြီးတွင် သင်္ကြန်အကြို ဧပြီ ၁၂ ရက်တွင် မိုးကောင်းကျောင်းတိုက်မှ ဦးဓမ္မနန္ဒ၊ အကျနေ့တွင် မဟာဗောဓိကျောင်းတိုက်မှ ဦးဓမ္မစာရ၊ ပထမအကြတ်နေ့တွင်မိုးကောင်းကျောင်းတိုက်မှ ဦးစန္ဒိမာ၊ ဒုတိယ အကြတ်နေ့တွင် ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်မှ ဓမ္မာစရိယ မိုးညှင်းအရှင်ဣန္ဒက၊ အတက်နေ့ (ဧပြီ ၁၆) ရက်တွင် မဟာဂန္ထဝါစက ပဏ္ဍိက ဦးဝိလာသ၊ နှစ်ဆန်းတစ်ရက်နေ့တွင် နိမ္မိတာရုံကျောင်းတိုက်မှ ဦးဝိသုဒ္ဓ ဆရာတော်တို့က မွန်းလွဲ ၂နာရီတွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ **(က–ပ)**

ထောက်ကြန့်ပုပ္ပားကျောင်း တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ ဧပြီ ၁၁ မှ ၁၈ရက်အထိ ဒုလ္လဘ ရဟန်းခံ၊ သီလရှင်ဝတ်၊ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၃ ရက်ညတွင် နိုင်ငံတော် သံဃမဟာနာယက သရက် ဆရာတော်ဘဒ္ဒန္တကေသရ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ၁၄ ရက်ညတွင် ရေနံချောင်းဆရာတော်ဘဒ္ဒန္တတေဇနိယ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ၁၅ ရက်ညတွင် မန္တလေးဝိဇိတာရုံဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ၁၆ ရက်ညတွင် မုံရွာဆရာတော် ဘဒ္ဒန္တ ဂါရဝ၊ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊၁၇ ရက်ညတွင် မော်ဘီချမ်းမြေ့ရိပ်သာ ဘဒ္ဒန္တ ကုန္ဒက ဆရာတော်များက တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်ကြမည့် ယောဂီများသည် ဧပြီ ၁၂ ရက် မွန်းတည့် ၁၂ နာရီအရောက် လာရောက်ကြရန်နှင့် တရားအားထုတ်ကြကုန်သော ဒုလ္လဘရဟန်းများ၊ ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း–၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အင်း စိန်မြို့နယ် အဆင့်ပညာ ရည် ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၇ရက်က ကျင်း ပ ရာ စ တု တ္ထ တန်းမြို့နယ် အဆင့်ဘာ သာ စုံ ပထမဆု၊ဘက်စုံ ဒုတိယ ဆု၊မြန်မာစာ ထူးချွန်ပထမ ဆုရ အမက(၄၀) မှ မ သဲ နု နု နိုင်အားဆရာ ကြီးဦးမောင်မောင် မြင့်က ဆုချီးမြှင့်စဉ်။ (က–ပ)

သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ရန်ကြီးအောင်လမ်း ချင်းတွင်းဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း တရားစခန်းဖွင့်ပွဲကို ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ ကျင်းပမည် ဖြစ်သည်။ စခန်းပွဲတွင် သဲအင်းဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်တော်မူသော ကမ္မဋ္ဌာနာစရိယ အရှင်မုနိန္ဒ(ကျိုက်ဝိုင်း) ဆရာတော်နှင့် ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် အရှင်သံဝရစာရတို့က သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီသူတော်စင်များ ဧပြီ ၁၀ ရက် (စနေနေ့) တန်ခူးလပြည့်ကျော် ၆ ရက် ညနေ ၆ နာရီ နောက်ဆုံးထား၍ ဖုန်း–၆၅၁၀၈၁ သို့ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

တိုင်းရင်းသားလုပ်ငန်းရှင်များ ဆီအုန်းစိုက်ဧကကိုးသောင်းနီးပါးစိုက်ပျိုးပြီးဖြစ် နောက်ထပ်မြေဧရိယာဧကသုံးသိန်းကျော်ထပ်မံတိုးချဲ့စိုက်ပျိုးမည့်လုပ်ငန်းရှင်များရှိ စုစုပေါင်းအသားတင်ဆီအုန်းစိုက်ဧရိယာဧကငါးသိန်းကျော်ရှိလာမည်

ရွှေဖုံးမှ

ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးလျက်ရှိကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မိမိတို့နှင့်အတူ လုပ်ငန်းရှင်များသည် တနင်္သာရီတိုင်းအတွင်းရှိ ပုဂ္ဂလိကဆီအုန်းခြံများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်း။

ယင်းခရီးစဉ်၌ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဆီအုန်းလုပ်ငန်းရှင်များရော လုပ်ငန်းရှင်အသစ်များကပါ ဆီအုန်းထပ်မံတိုးချဲ့စိုက်ပျိုးကြမည်ဆို၍ နိုင်ငံတော်အပိုင်းက ဝမ်းသာအားတက်လျက် ရှိပါကြောင်း။

ဆီအိုးကြီးဖြစ်လာမှာသေချာ

မိမိတို့နိုင်ငံ၌ ပြည်တွင်းစားသုံးဆီ မလုံလောက်သေးသဖြင့် ပြည်ပမှ စားအုန်းဆီများ တင်သွင်းနေရ၍ ဆီဈေးနှုန်းမှာလည်း မကြာခဏ အတက်အကျဖြစ်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်း၌ ဆီအုန်းဧကငါးသိန်းစိုက်ပျိုးနိုင်မည်ဆိုလျှင် ပြည်တွင်းစားသုံးဆီဖူလုံရုံသာမက ပြည်ပသို့ပင် ဆီအုန်းဆီတင်ပို့နိုင်မည့်အလားအလာရှိပြီး တနင်္သာရီတိုင်းသည်လည်း နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာမှာသေချာလျက်ရှိကြောင်း။

နိုင်ငံတော်အတွက်လည်းအကျိုးရှိပြီး စိုက်ပျိုးသူလုပ်ငန်းရှင်များအတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းဖြစ်၍ နိုင်ငံတော်၏စီမံကိန်းအဖြစ်သတ်မှတ်ပြီး ဆီအုန်းစိုက်ပျိုးမှုကို အားပေးနေခြင်းဖြစ်ကြောင်း။

ငွေကြေးအရင်းအနှီး ရှိရုံသာမက လုပ်ငန်းစွမ်းဆောင်နိုင်သည့်အရည်အချင်းရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များကို နိုင်ငံတော်ကဖိတ်ခေါ်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ကိုင်စေခဲ့ရာ ယခုအခါ လုပ်ငန်းရှင်များက ဧက ၉၀၀၀၀ နီးပါးခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ နောက်ထပ်လည်း မြေဧရိယာဧက သုံးသိန်းကျော် ထပ်မံရယူ၍ တိုးချဲ့စိုက်ပျိုးမည့် လုပ်ငန်းရှင်များလည်း ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်း၌ စုစုပေါင်း အသားတင် ဆီအုန်းစိုက်ဧရိယာဧက ငါးသိန်းကျော်ခန့် ရှိလာမှာဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းသည် အရင်းအနှီးပမာဏကြီးမားသော လုပ်ငန်းဖြစ်ရာ ဆီအုန်းဧက ငါးသိန်းအတွက် ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏမှာ စုစုပေါင်းအကြမ်းဖျင်းအားဖြင့် ကျပ်ဘီလီယံ ၃၀၀ ခန့် ကုန်ကျမှာဖြစ်ကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်သော စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းဖြစ်သည်သာမက ကုန်ထုတ်လုပ်မှုကဏ္ဍ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံခြင်းမျိုးဖြစ်၍ မိမိတို့အနေဖြင့် အလေးထားအားပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၌ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မှသာ စီးပွားရေးခိုင်မာ တိုးတက်မှာဖြစ်ကြောင်း။

ပွင့်ပွင့်လင်းလင်းတင်ပြ

ထို့ကြောင့် ယနေ့ညှိနှိုင်းအစည်းအဝေး၌ ဆီအုန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို လက်တွေ့ကျကျ ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဝန်ကြီးများဖြစ်ကြသော ဦးအောင်သောင်းနှင့်ဦးစိုးသာ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆီအုန်းစိုက်ပျိုးရန်ရယူမည့်မြေများကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ စက်ယန္တရားတင်သွင်းမှုကိစ္စများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆီအုန်းလုပ်ငန်းရှင်များက ထပ်မံတိုးချဲ့ရယူလိုသော မြေဧရိယာအခြေအနေ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ဆီအုန်းလုပ်ငန်းဖွံ့ဖြိုးရေး

ယင်းနောက် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆီအုန်းလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေသော ရုံးလုပ်ငန်းဆိုင်ရာအပိုင်း၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုများမဖြစ်စေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကို သွက်သွက်လက်လက် မှန်မှန်ကန်ကန်ဆောင်ရွက်ရေး၊ ရယူထားသော မြေဧရိယာများအနက် စိုက်ပျိုးဖြစ်ထွန်းနိုင်သော မြေဧရိယာများကို စီမံချက်များနှင့်အညီ အပြည့်အဝစိုက်ပျိုးကြရေး၊ ထပ်မံရယူမည့်မြေနေရာများကို အသေးစိတ်ကွင်းဆင်းကြည့်ရှုပြီး စနစ်တကျ မျှတစွာခွဲဝေရယူရေး၊ လုပ်ငန်းရှင်အချင်းချင်းအတွေ့အကြုံအသိအမြင်ဖလှယ်ရေး၊ စိုက်ပျိုးပြီးသော မြေများကို လုပ်ကိုင်ခွင့်နှင့်လုပ်ပိုင်ခွင့် စနစ်တကျဆောင်ရွက်ပေးရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းကိစ္စများအပေါ် ပြန်လည်ညှိနှိုင်းရှင်းလင်းဖြေကြားပြီး ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အပိုင်းက အတတ်နိုင်ဆုံး ပံ့ပိုးကူညီသွားမည်ဖြစ်ရာ လုပ်ငန်းရှင်များ အပိုင်းကလည်း ကြိုးကြိုးစားစားဖြင့် နိုင်ငံတော်၏ စီမံကိန်းဖြစ်သည့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် ယခုကဲ့သို့ပင် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး မကြာခဏပြုလုပ်၍ ဆီအုန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လုပ်ကိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

■ ကျော့ဖုံးမှ

ကျိုင်းတောင်းမြို့သည် မိုင်းပန်မြို့နယ်နှင့် မိုင်၅၀၊ ကျိုင်းတောင်း၊ ခိုလမ်း၊နမ့်စန်မြို့နယ်နှင့်၆၉မိုင်၊ ကျိုင်းတောင်း၊ ခိုလမ်း၊ ကွန်ဟိန်းမြို့နယ်နှင့် ၇၁မိုင် ကွာဝေးသော်လည်း ထူးခြားချက်များကား တစ်ပုံတစ်ပင်ရှိသည်။ နမ့်ဟူးကျေးရွာ စက်တော် ဘုန်းတော်ကြီးအနီးရှိ မြတ်ဗုဒ္ဓဘုရားရှင် ကျိန်းစက် တော်မူခဲ့သည့် ကျောက်တောင်ပေါ်တွင် ဗုဒ္ဓဘုရားရှင်၏ ညာခြေတော်ရာတစ်ဆူ တည်ရှိသည်။ နာမည်ကျော် ကျိုင်းတောင်းရေတံခွန်တွင် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်များ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးအတွက် ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် ပိုလျှံသော ဓာတ်အားများကို မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ပထမငါးနှစ် နှစ်တိုစီမံကိန်းကာလအတွင်း လျှပ်စစ် ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ရရှိရေး ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

ရောက်ရှိ

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် စီမံကိန်းချဉ်းကပ်လမ်းဖောက်ခြင်း၊ စခန်းတည်ဆောက်ခြင်း၊မြေတိုင်းတာခြင်းလုပ်ငန်းများအား ၂၀၀၂ခုနှစ် အောက်တိုဘာလမှစ၍ဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယင်းစီမံကိန်းသို့ ၂၀၀၂ခုနှစ် နိုဝင်ဘာ ၁၅ရက်နှင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၇ ရက်တို့တွင် ရောက်ရှိစစ်ဆေးခဲ့သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ လိုက်ပါလျက် ၂၀၀၃ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာတွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

တစ်ဖန်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့ လိုက်ပါလျက် ၂၀၀၃ ခုနှစ် မေ ၁၇ ရက်က ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးခဲ့ပြန်သည်။

အဆိုပါစီမံကိန်းကိုနမ့်တိန်းချောင်း (ကျိုင်းတောင်းရေတံခွန်)မှ ရေဆင်းဧရိယာ ၂၃၂၅ စတုရန်းမိုင်ကို ဗဟိုပြု၍ တည်ဆောက်မည်ဖြစ်ပြီး ရေလွှဲဆည်အမျိုးအစားမှာ ကျောက်စီ ကွန်ကရစ်ရေလွှဲဆည်ဖြစ်သည်။

ရေလွှဲဆည်

ပင်မ ရေလွှဲဆည်အလျားမှာပေ ၁၇၀နှင့် အမြင့်ပေ ၂၀ရှိသည်။ အကျယ် ၁၆ပေ၊ အမြင့် ၁၀ပေရှိသော သဲထုတ်ရေတံခါး နှစ်ပေါက်နှင့် အကျယ် ၁၂ပေ၊ အမြင့် ၁၂ပေရှိ သံကူကွန်ကရစ်အမျိုးအစားရေယူအဆောက်အအုံ၊ အလျားပေ ၆၅၀၀၊ အကျယ် ၂၃ပေနှင့် အမြင့် ၁၃ပေရှိ သံကူကွန်ကရစ်အမျိုးအစား ရေသွယ်မြောင်း၊ အလျားပေ ၃၆၀၊ အကျယ်ပေ ၈၀ နှင့် အမြင့်ပေ ၂၀ရှိ သံကူကွန်ကရစ်အမျိုးအစားရေထိန်းကန်၊ အချင်းခြောက်ပေ (သုံးတန်း)၊ အလျားပေ ၂၆၀၀ရှိ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ အလျား ၁၇၅ပေ၊ အကျယ်ပေ ၁၂၀ နှင့် အမြင့်ပေ ၉၀ရှိ ဓာတ်အားပေးစက်ရုံ Francis Vertical Shaft တာဘိုင်အမျိုးအစားတို့ဖြစ်သည်။

နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၄၇၂ရှိမည်ဖြစ်သည်။

အဆိုပါ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အပြီးတည်ဆောက်ရန် ရည်မှန်းထားကြသည်။

စီမံကိန်းရှင်းလင်းဆောင်မှအထွက် မော်တော်ယာဉ်ပေါ်သို့တက်၍ ခရီးမနှင်မီ မိနစ်ပိုင်းအတွင်း မြန်မာ့အလှ၊ မြန်မာ့သဘာဝတစ်ခုဖြစ်သော ရှုမောဖွယ်ရာ ရှုမောမဆုံးနိုင်သော ကျိုင်းတောင်းရေတံခွန်ကြီးကို ငေးမောကြည့်လိုက်ရ၍ တစ်နေ့ခင်းလုံးကားတန်းဖြင့်စီးနင်းခဲ့သည့် မောပန်းနွမ်းနယ်မှုတို့မှာ သာယာလှပသော သဘာဝ ပန်းချီကားတစ်ချပ်ကြောင့် ပြေပျောက်ကုန်သည်။

ခရီးဖော်ရွှေအင်းသားခင်မောင်ဝင်းမှာ ကျိုင်းတောင်းရေတံခွန်သို့ ယခုမှရောက်ဖူးသူဖြစ်၍ ကင်မရာတကားကားဖြင့် အလုပ်များနေသည်။ မိမိသည်လည်းမထူးပါ။ ကျိုင်းတောင်းခရီးစဉ်မှ တောင်ကြီးမြို့သို့ရောက်သော် ညသန်းခေါင်ကျော် ၁ နာရီပင် တိုင်ခဲ့ချေပြီ။ ယင်းနေ့မနက်သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ ဖြစ်၍ ဤခရီးစဉ်မှာ မှတ်မှတ်ရရ ခရီးစဉ်တစ်ခုဟုသာ ဆိုချင်ပါသည်။ ။

(မြန်မာ့အလင်း)

မဟာသင်္ကြန်ပွဲတော်တွင်ပါဝင်ဆင်နွှဲမည့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား နယ်စပ်/စည်ပင်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ ၂၀၀၄ခုနှစ် မဟာသင်္ကြန်ပွဲတော်၌ပါဝင် ဆင်နွှဲရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ယနေ့နံနက်ပိုင်းက လှိုင်မြို့နယ် ဘုရင့်နောင်အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး တိုင်းရင်းသားတိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များက အဖွဲ့လိုက် မိတ်ဆက်ကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် စားရိပ်သာနှင့် တည်းခိုဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အုပ်ချုပ်မှုကိစ္စရပ်များ ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစန်းဝေ လိုက်ပါလျက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(သတင်းစဉ်)**

ဧပြီ ၄ ရက်က မြောက်ဥက္ကလာပမြို့နယ် စံပြ (၈)ရပ်ကွက် ဥက္ကာလမ်းမကြီး ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲ ထပ်မံဖိအားပေးခံရပြန် အီရတ်၌ လက်နက်များရှာမတွေ့၍ ကန်နှင့်ဗြိတိန်တို့ အခက်တွေ့

လန်ဒန် ဧပြီ ၄

အဓိကကျသော ထောက်လှမ်းရေးသတင်း ခိုင်မာမှုမရှိတော့ပုံရကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က သောကြာနေ့၌ ဝန်ခံလိုက်ပြီးနောက်ပိုင်းတွင် အီရတ်စစ်ပွဲ၌ ဗြိတိန်နိုင်ငံပါဝင်အောင် လုပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် ဖိအားပေးမှုအသစ်နှင့် ကြုံခဲ့ရသည်။

အီရတ်ကို ယမန်နှစ်က ဆင်နွှဲခဲ့သော အမေရိကန်နှင့် အပေါင်းပါတို့၏စစ်ပွဲကို တရားမျှတမှုဖြစ်စေရန် အီရတ်၏ ရွေ့ပြောင်း ဇီဝလက်နက်ဓာတ်ခွဲခန်းများနှင့် စပ်လျဉ်းသည့် စစ်ကြိုကာလထောက်လှမ်းရေး သတင်းကို ကောလင်းပါဝဲလ်က ကုလသမဂ္ဂသို့ တင်ပြခဲ့သည်။ သောကြာနေ့၌ ကောလင်းပါဝဲလ်၏ ဝေဖန်ပြောဆိုချက်သည် ထိုထောက်လှမ်းရေးသတင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုအမေရိကန် ဦးဆောင်သည့် စစ်ပွဲအားဘလဲက ထောက်ခံခဲ့သည်။

စစ်ဆေး

အီရတ်စစ်ပွဲ၌ ဘလဲ၏အစိုးရ ပါဝင်ခဲ့ခြင်းအတွက် ဝေဖန်သူများက ပါဝဲလ်ပေးသော မှတ်ချက်ကို ချက်ချင်းပင် စာကြောစစ်ဆေးခြင်းပြုခဲ့သည်။ စစ်ကြိုကာလ အီရတ်၏အဖျက်စွမ်းအားကြီးမားသော လက်နက်များအစီအစဉ်များနှင့် စပ်လျဉ်း၍ ပြုလုပ်ခဲ့သော အချေတင်ဆွေးနွေးပွဲ၌ အခိုင်အမာပြောဆိုချက်များသည်လည်း တူညီသော သတင်းရပ်ကွက်မှပင် ပြောဆိုခြင်း ဟုတ်မဟုတ် ရှင်းလင်းပြောဆိုရန် ဝေဖန်သူများက တောင်းဆိုခဲ့ကြသည်။

အီရတ်နိုင်ငံကို သိမ်းပိုက်ပြီးနောက် ထိုအီရတ်လက်နက်များကို ရှာမတွေ့ခြင်းသည် ဝါရှင်တန်နှင့်လန်ဒန် နှစ်နိုင်ငံစလုံးအတွက် အခက်ကြုံစေခဲ့သည်။ **(အင်တာနက်)**

ဧပြီ ၄ရက်က ဘဂ္ဂဒက်မြို့လယ်တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ပြီး ကြွေးမြီလျှော့ရန် အီရတ်အား အာရပ်ငွေကြေးရန်ပုံငွေအဖွဲ့တိုက်တွန်း

အဘူဒါဘီ ဧပြီ ၄

စစ်ကြောင့်ပျက်ခဲ့ရသော အီရတ်စီးပွားရေးကိုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းရာတွင် ရင်းနှီးမြှုပ်နှံမှုရရှိရေးစွဲဆောင်ရန်နှင့် များပြားလှသော ကြွေးမြီပြဿနာကိုဖြေရှင်းသွားရန် အဘူဒါဘီအခြေစိုက် အာရပ်ငွေကြေးရန်ပုံငွေအဖွဲ့ (အေအမ်အက်ဖ်)က အီရတ်နိုင်ငံအား တိုက်တွန်းလိုက်သည်။

ပျက်စီး

အီရတ်နိုင်ငံ၏ စီးပွားရေးသည် အဓိကစစ်ပွဲကြီးသုံးပွဲအပြင် ကာလကြာရှည်စွာ ကုလသမဂ္ဂက ပိတ်ပင်အရေးယူမှုကြောင့် ရေနံတင်ပို့မှုလည်းပျက်စီးခဲ့ရသည်။ ယခုအခါ အီရတ်၏စီးပွားရေးပြန်လည်ဖော်ထုတ်မှု၏အရေးကြီးသောအဆင့်ကို အီရတ်နိုင်ငံသည် ဖြတ်သန်းလျက်ရှိနေကြောင်း အေအမ်အက်ဖ် ဥက္ကဋ္ဌ ဂျက်စ်ဆင်မ်အယ်လ်မာနေးက ပြောကြားသည်။

ပြောကြား

အဘူဒါဘီရှိ အေအမ်အက်ဖ်ရုံးချုပ်၌ ကြာသပတေးနေ့က ပြီးဆုံးသွားသော ၁၀ ရက်သင်တန်းတွင် အီရတ်အရာရှိများအား မိန့်ခွန်းပြောကြားရာ၌ အေအမ်အက်ဖ်ဥက္ကဋ္ဌက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဖော်ပြ

အီရတ်နိုင်ငံ၏ တင်ရှိနေသော နိုင်ငံခြားကြွေးမြီစုစုပေါင်းသည် ၂၀၀၃ခုနှစ်ကုန်ဆုံးချိန်၌ အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံခန့်ရှိကြောင်း အာရပ်ငွေကြေးရန်ပုံငွေအဖွဲ့ ခန့်မှန်းချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဧပြီ ၄ ရက်က မိုဆူးလ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖော်လူဂျာသည် အန္တရာယ်ကြီးမားသောဒေသဖြစ် တိုက်ခိုက်မှုများဆက်ဖြစ်ပွားလျှင် အီရတ်မှထွက်ခွာမည်

ဖော်လူဂျာ ဧပြီ ၄

အီရတ်၌ လုံခြုံရေးလုပ်ငန်း ဆောင်ရွက်နေသော အီရင်းအင်တာ နေရှင်နယ်လီမိတက်မှ ဂျိုနာသန်ဂါရက်အား စီအင်န်အင်န်က မေးမြန်းရာတွင် အီရတ်၌အလုပ်လုပ်ကိုင်သူ နိုင်ငံခြားသားဝန်ထမ်းများအနေဖြင့် အန္တရာယ်ကြီးမားမှုကို အစဉ်သတိပြုပြီး နေ့စဉ်လှုပ်ရှားသွားလာရန်လိုအပ်ကြောင်း၊ ဖော်လူဂျာဒေသသည် အန္တရာယ်ကြီးမားသည့် ဒေသဖြစ်သည့်အတွက် တတ်နိုင်သမျှရှောင်ရှားကြကြောင်း ဖြေကြားခဲ့သည်။

အီရတ်မှ အရပ်သားများကို ဦးတည်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အန္တရာယ်လွန်စွာကြီးမားလာပါက အီရတ်မှထွက်ခွာသွားမည် ဖြစ်ကြောင်း နေ့စဉ်မိမိတို့ကြုံတွေ့နေရသော စွန့်စားမှုနှင့် ခြိမ်းခြောက်မှုအန္တရာယ်ကို အမြဲလေ့လာ သုံးသပ်နေကြောင်းလည်း ဂါရက်က ဖြေကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဖော်လူဂျာမြို့ အေးချမ်းရန် အကောင်းဆုံးနည်းလမ်း အမေရိကန်တို့ ဝေးဝေးကရှောင်ကြရန်ဖြစ်ဟုဆို

ဖော်လူဂျာ ဧပြီ ၃

ဖော်လူဂျာမြို့ကို အေးချမ်းစေရန် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် တစ်ခုတည်းသောနည်းလမ်းမှာ ဝေးဝေးကရှောင်ခြင်းပင်ဖြစ်သည်ဟု အီရတ်လုံခြုံရေးတပ်ဖွဲ့များက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်တို့သည် မလုပ်မီက စဉ်းစားသင့်ကြောင်း၊ အကယ်၍ ဖော်လူဂျာမြို့ထဲဝင်ပြီး အင်အားကိုသုံးမည်ဆိုလျှင် အင်အားနှင့်သာ တွေ့မည်ဖြစ်ပြီး ယင်းသည် ထပ်ကာထပ်ကာဖြစ်ပျက်မည်သာဖြစ်သည်ဟု အီရတ်လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်မှိုဟာမက်တာရစ်ခ်က ပြောကြားသည်။

မသင့်

ဤဖော်လူဂျာမြို့တွင် လူတိုင်းက သိမ်းပိုက်မှုအပေါ် ဒေါသထွက်နေကြကြောင်း၊ ဖော်လူဂျာမြို့၌ မျိုးနွယ်စုအများအပြားရှိရာ တုံ့ပြန်ဂလဲ့စားချေမည့်သဘောဖြစ်ကြောင်း၊ အမေရိကန်တို့သည် ဖော်လူဂျာမြို့ထဲဝင်ရန် မသင့်ကြောင်း ၎င်းကပြောကြားသည်။

ဝင်ရောက်စီးနင်း တိုက်ခိုက်မှုများနှင့် နှိမ်နင်းမှုများသည် ခက်မာကြမ်းတမ်းသော လက်တုံ့ပြန်မှုများကို ဖိတ်ခေါ်သကဲ့သို့ရှိပြီး အီရတ်အရပ်သားများကို အကြမ်းဖက်မှုထဲပါရန် လုပ်သကဲ့သို့ရှိမည်ဖြစ်ကြောင်း အီရတ်တို့က သတိပေးထားသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်တစ်နိုင်ငံလုံး တစ်နေ့တည်း သစ်ပင်သုံးသန်းကျော်စိုက်

ပေကျင်း ဧပြီ ၄

တရုတ်နိုင်ငံပေကျင်းမြို့အား ပိုမိုစိမ်းလမ်းသန့်ရှင်း သာယာစေရန် ရည်ရွယ်ပြီး အကြိမ်(၂၀)မြောက် ပေကျင်းမြို့သစ်ပင်စိုက်ပျိုးရေး ရက်သတ္တပတ်ကို ချောင်ယန်ဥယျာဉ်၌ စနေနေ့က ကျင်းပခဲ့သည်။ အဆိုပါ သစ်ပင်စိုက်ပျိုးရေး အခမ်းအနားသို့ ပေကျင်း မြို့သူမြို့သားများနှင့်အတူ နိုင်ငံ့ခေါင်းဆောင်ကြီးများလည်း ပါဝင်စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ အခမ်းအနား၌ ပါဝင်စိုက်ပျိုးပေးခဲ့ကြသူများများမှာ တရုတ်သမ္မတ ဟူကျင်တောင်၊ တရုတ်ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ကျန်ဇီမင်း၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ ဝူဘန်ဂိုး၊ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံဥက္ကဋ္ဌ ကျန်းချီးလင်းတို့ဖြစ်ကြသည်။

ချောင်ယန်ဥယျာဉ်အတွင်း တရုတ်နိုင်ငံ အကြီးအကဲများ သစ်ပင်စိုက်ပျိုးခဲ့ကြခြင်းသည် ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက် ရှိသွားပြီဖြစ်သည်။

ချောင်ယန်ဥယျာဉ်သည် ပေကျင်းမြို့၏ အကြီးဆုံး ဥယျာဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး စနေနေ့ တစ်နေ့တည်းတွင် တရုတ်နိုင်ငံတစ်ဝန်းလုံး၌ သစ်ပင်ပေါင်း သုံးသန်းကျော် စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **(စီစီတီဗွီ)**

နီပေါရှိ တောင်များအား အဖွဲ့ ၄၀ တက်ရောက်ခွင့်ပြု

ခတ္တမန္ဒူ ဧပြီ ၄

နီပေါနိုင်ငံအစိုးရသည် ယခုနှစ်နွေဦးရာသီ၌ နီပေါနိုင်ငံတွင်းရှိ တောင် ၁၆လုံးကို တက်ရောက်ပြီး လေ့လာရန်အတွက် ၁၈ နိုင်ငံမှ အဖွဲ့ ၄၀ကို ခွင့်ပြုလိုက်ကြောင်း သတင်းစာတစ်စောင်က စနေနေ့၌ ရေးသားဖော်ပြလိုက်သည်။ နီပေါယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြည်တွင်းလေကြောင်းဝန်ကြီးဌာနသည် ကမ္ဘာ့အမြင့်ဆုံး ၈၈၄၈ မီတာအမြင့်ရှိ မောင့်ကိုမိုလန်ဂါတောင်ထိပ်သို့ တက်ရောက်ရန် အဖွဲ့ ၁၁ဖွဲ့ကို ခွင့်ပြုထားသည်။

တက်ရောက်ရန် ကြိုးပမ်းသည့်အဖွဲ့များမှာ အမေရိကန်မှသုံးဖွဲ့နှင့် ဗြိတိန်၊ ဂျာမနီ၊ ဂရိ၊ ဘယ်ဂျီယံ၊ မလေးရှား၊ ကနေဒါ၊ တောင်ကိုရီးယားနှင့် မက္ကဆီကိုတို့မှ တစ်ဖွဲ့စီဖြစ်သည်။ တက်ရောက်ကြမည့် အဖွဲ့များတွင် တစ်ဖွဲ့သာလျှင် အရှေ့တောင်ဘက် လမ်းကြောင်းမှတက်ခွင့်ရခဲ့ပြီး ကျန်အဖွဲ့များမှာ သာမန်လမ်းကြောင်းမှ တက်ခွင့်ရခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နာဂျက်ဖ်မြို့၌ ပြောက်ကျားတို့၏ ခုခံတိုက်ခိုက်မှုများဖြစ်ပွား

ဘာဆာရာမြို့တောင်ပိုင်း၌ ရေနံပိုက်လိုင်း မီးလောင်မှုဖြစ်

ဘဂ္ဂဒက်မြို့၌ အီရတ်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဆန္ဒပြလူအုပ်အတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များ မဆင်မခြင်ပစ်ခတ်

ဧပြီ ၄ ရက်က နာဂျက်ဖ်မြို့အနီး၌ အီရတ်ဆန္ဒပြသူများနှင့် စပိန်တပ်ဖွဲ့ဝင်များအကြား ပဋိပက္ခဖြစ်ပွားလျက်ရှိရာ စပိန်တပ်ဖွဲ့ဝင်များပစ်ခတ်သဖြင့် ဒဏ်ရာရအီရတ်တစ်ဦးကို သယ်ဆောင်လာစဉ်။ (ယင်းပစ်ခတ်မှုတွင် အီရတ် ၁၉ ဦးထက်မနည်း သေဆုံးပြီး တစ်ရာကျော် ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ဆန့်ကျင်

ဧပြီ ၄ရက်က ဘဂ္ဂဒက်မြို့၌ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူ များကအမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုက်ပွဲဖြစ်

ဧပြီ ၄ ရက်က နာဂျက်ဖ်မြို့အနီး ကူဖာမြို့၌ အီရတ်ပြောက်ကျားများနှင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားပြီးနောက် ကားဖြင့်မောင်းနှင်ပစ်ပြေးသော အီရတ်ပြောက်ကျားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ် မြင်ကွင်း

ဧပြီ ၄ ရက်က ဘာဆာရာမြို့ တောင်ပိုင်း၌ ရေနံပိုက်လိုင်း မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘေးလွတ်ရာထွက်ပြေး

ဧပြီ ၄ ရက်က ဘဂ္ဂဒက်မြို့ရှိ ဘဂ္ဂဒက်ဟိုတယ်အနီး၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဘေးလွတ်ရာသို့ထွက်ပြေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ဧပြီလ ၄ရက် တနင်္ဂနွေနေ့ရောက်ချိန်၌ ၆၁၀ ရှိဟုကြေညာ

ဝါရှင်တန် ဧပြီ ၄

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များသည် အမေရိကန်ဦးဆောင်လျက် ၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်၌စတင်ကာ ကျူးကျော်စစ်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည်။

ထိုသို့တိုက်ခိုက်ခဲ့ရာတွင် စစ်ပွဲကာလအတွင်း၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်စစ်မြေပြင်၌ သေဆုံးမှုများစွာရှိခဲ့ကြသည့်အပြင် မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက်ပိုင်းတွင်လည်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ သေဆုံးမှုများရှိခဲ့ကြသည်။ အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်သိမ်းပိုက်မှုကို အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများက ဆန့်ကျင်တိုက်ခိုက်လျက်ရှိကြရာ အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်၌ နေ့စဉ်နှင့်အမျှ သေဆုံးနေကြရသည်။

အီရတ်နိုင်ငံကို လွန်ခဲ့သည့် ၂၀၀၃ခုနှစ် မတ် ၂၀ ရက်ကစပြီး အမေရိကန်နှင့် အပေါင်းပါတပ်များ မတရားစတင်ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး ၂၀၀၄ခုနှစ် ဧပြီ ၂ ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၉၆ ဦး ရှိသွားခဲ့ပြီးဖြစ်သည်။ ယင်းအနက် တိုက်ပွဲ၌သေဆုံးသော ဦးရေမှာ ၄၀၆ ဦးဖြစ်ပြီး တိုက်ပွဲကြောင့် မဟုတ်ဘဲ သေဆုံးသူဦးရေမှာ ၁၉၀ ရှိသည်ဟု အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

သို့ရာတွင် သီတင်းပတ်ကုန်ပိုင်း၌ အမေရိကန် တပ်ဖွဲ့ဝင်အချို့ သေဆုံးကြောင်း ကာကွယ်ရေးဌာနက ကြေညာခဲ့ပြီးနောက် တနင်္ဂနွေနေ့ရောက်ချိန်၌ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၁၀ ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဧပြီ ၄ ရက်က ဘဂ္ဂဒက်မြို့တွင်ဆန္ဒပြနေသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို ဖေးမတွဲခေါ်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တို့ဖမ်းဆီးထားသော အီရတ်ခေါင်းဆောင်လွှတ်ပေးရန် ဘဂ္ဂဒက်၌ အီရတ်ပြည်သူထောင်ပေါင်းများစွာ ဆန္ဒပြတောင်းဆို

ဘဂ္ဂဒက် ဧပြီ ၄

အီရတ်ခေါင်းဆောင် ဆာဒါ၏ မဂ္ဂဇင်းတိုက်ကို အမေရိကန်တို့က ပိတ်ပစ်မှုအားဆန့်ကျင်သည့် ဆာဒါအား ထောက်ခံသူ ထောင်ပေါင်းများစွာသည် ဘဂ္ဂဒက်ရှိ ဆာဒါ၏ရုံးခန်းရှေ့၌ ဆန္ဒပြခဲ့ကြသည်။ ဝတ်စုံအနက်များဝတ်ဆင်ကာ အစိမ်းရောင်ခေါင်းစည်းများ စည်းထားသော လူပေါင်း နှစ်သောင်းခန့်သည် ၎င်းတို့ကိုယ်၎င်းတို့က ဆာဒါ၏ပြည်သူ့စစ်များဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဆာဒါ၏မဂ္ဂဇင်းသည် အမေရိကန်ဆန့်ကျင်ရေး အကြမ်းဖက်မှုများအား နှိုးဆွပေးရာရောက်သည်ဟုဆိုကာ အမေရိကန်တို့က လွန်ခဲ့သည့်တစ်ပတ်ခန့်၌ ပိတ်ခဲ့ခြင်းဖြစ်သည်။

တောင်းဆို

ဆာဒါ၏မဂ္ဂဇင်းအားပိတ်ပင်ထားမှုကို ဖယ်ရှားပေးရန်၊ နာဂျက်ဖ်၌ အမေရိကန်တို့ သောကြာနေ့က ဖမ်းဆီးသွားခဲ့သော ဆာဒါ၏ ထိပ်တန်းလက်ထောက်ခေါင်းဆောင်အား လွှတ်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ အီရတ်ခေါင်းဆောင် ဆာဒါသည် အမေရိကန်နှင့် အပေါင်းပါတို့ အမေရိကန်ခန့်အပ်ထားသော အုပ်ချုပ်မှုကောင်စီကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုံ့ချသူတစ်ဦး ဖြစ်သည်။

ဒဏ်ရာရ

ပြီးခဲ့သော သောကြာနေ့ကလည်း အီရတ်နိုင်ငံ၏ ဒုတိယမြောက်အကြီးဆုံးမြို့ဖြစ်သည့် ဘာဆာရာမြို့၌ ဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ အီရတ်ရဲအဖွဲ့နှင့် ဆန္ဒပြသူတို့ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ အီရတ်ရဲအဖွဲ့က လူအုပ်ကြီးကို ထိန်းရန်အတွက် သေနတ်များကို လေထဲသို့ထောင်ပြီး ခြောက်လှန့်ခဲ့ရသည်။ **(စီစီတီဗွီ)**

နာဂျက်ဖ်မြို့၌ ပြောက်ကျားတို့တိုက်ခိုက် ဆာဗေဒိုတပ်ဖွဲ့ဝင်လေးဦး သေဆုံး

နာဂျက်ဖ် ဧပြီ ၄

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တနင်္ဂနွေနေ့၌ စပိန်မြို့စောင့်တပ်ကို ခုခံတိုက်ခိုက်ရေး ပြောက်ကျားတို့က ပစ်ခတ်ခဲ့ရာ ဆာဗေဒိုတပ်ဖွဲ့ဝင် လေးဦးနှင့်အီရတ် ၁၄ဦး သေဆုံးကာ လူ ၁၃၀ကျော် ဒဏ်ရာရခဲ့သည်။

ဖြစ်ပွား

နာဂျက်ဖ်မြို့၌ ခုခံတိုက်ခိုက်ရေးသမားတို့၏ ပစ်တိုက်မှုသည် စပိန်မြို့စောင့်တပ်၏ အပြင်ဘက်၌ အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါကို ထောက်ခံသူ ထောင်ပေါင်းများစွာ စုရုံးဆန္ဒပြခဲ့ကြပြီးနောက်ပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံး

တိုက်ခိုက်ရေးသမားများသည် နေ့လယ်ခင်း၌ ပစ်ခတ်ခဲ့ကြကြောင်း စပိန်နှင့် ဆာဗေဒိုတပ်ဖွဲ့ဝင်များက ပြန်ပစ်ခဲ့ကြကြောင်း၊ မွန်းလွဲပိုင်း၌ ပစ်ခတ်မှု ဆက်လက်ဖြစ်ပွားခဲ့ကြောင်း၊ ဆာဗေဒိုတပ်ဖွဲ့ဝင်လေးဦးသေပြီး ကိုးဦးဒဏ်ရာရခဲ့ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက မက်ဒရစ်မြို့၌ ပြောကြားသည်။ ဆာဗေဒိုတပ်ဖွဲ့ဝင်များသည် စပိန်တို့၏ အုပ်ချုပ်မှုအောက်တွင် နိုင်ငံတကာဆိုင်ရာ တပ်မဟာ၏ အစိတ်အပိုင်းအဖြစ် ရှိကြသည်။

ဖြန့်ချထား

အဆိုပါပစ်ခတ်မှုတွင် စပိန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရခြင်း မရှိဟုဆိုသည်။ အီရတ်၌ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ကို ဖြန့်ချထားသည်။

နာဂျက်ဖ်မြို့ရှိ အထွေထွေဆေးရုံကြီးမှ အရာရှိတစ်ဦးကမူ ဆေးရုံသို့ အလောင်းခုနစ်လောင်း ရောက်ရှိလာကြောင်း လူ ၉၀ ထက်မနည်းကို ဆေးကုသပေးခဲ့ရကြောင်း ပြောဆိုသည်။

မျက်မြင်တွေ့ရှိသူများက အယ်လ်ဇာရာဆေးရုံ၌ အလောင်း လေးလောင်းတွေ့ကြောင်း ပြောဆိုပြီး သူနာပြုတစ်ဦးက လူ ၃၀ထက်မနည်း ဒဏ်ရာရကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

ကန်တို့ကိုဆက်တိုက်သွားမည်ဟု အီရတ်တို့ကြုံးဝါး

ဖော်လူဂျာ ဧပြီ ၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ အမေရိကန်အရပ်ဘက် ကန်ထရိုက်တာ လေးဦးအား သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း တုန်လှုပ်ခဲ့သည့်နည်းတူ ဖော်လူဂျာဒေသခံများ အနေဖြင့်လည်း တုံ့ပြန်မှုများ ရောထွေးကာ တင်းမာမှုများ မြင့်တက်နေသည်။ အမေရိကန်တို့၏ ကျူးကျော်သိမ်းပိုက်မှုကို ဖော်လူဂျာ ဒေသခံတို့က အပြင်းအထန်ခုခံ ကန့်ကွက်ခဲ့ကြခြင်းဖြစ်ကာ အမေရိကန်တို့အား ယခုထက်ကြမ်းတမ်းစွာ တုံ့ပြန်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်း ကြုံးဝါးနေခဲ့ကြသည်။ **(စီစီတီဗွီ)**

အိုင်းစတိုင်း၏သီအိုရီ စမ်းသပ်မှုလုပ်မည်

ကိုလံဘီယာ ဧပြီ ၄

ရူပဗေဒသိပ္ပံပညာရှင် အဲလ်ဘတ်အိုင်းစတိုင်း ကွယ်လွန်ပြီး နှစ် ၅၀အကြာ၌ အိုင်းစတိုင်း၏စကြာဝဠာနှင့်ပတ်သက်သော သီအိုရီအား စမ်းသပ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ နာဆာအဖွဲ့က သန်း ၇၅၀ အကုန်အကျခံ တည်ဆောက်ခဲ့သော ဂြိုဟ်တုကို ဧပြီ ၁၇ရက်၌ လွှတ်တင်မည်ဖြစ်ပြီး ၎င်းဂြိုဟ်တု၏ အလယ်ဗဟို၌ ဘောလုံးလေးလုံး ထည့်ပေးလိုက်မည်ဖြစ်သည်။

ကမ္ဘာ့ဆွဲအားကို စမ်းသပ်မည့် ပထမဆုံး အာကာသယာဉ်လည်းဖြစ်သည့် အဆိုပါ ဂြိုဟ်တုဒီဇိုင်းကို အိုင်းစတိုင်းက စတင်စဉ်းစားဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ဒြပ်တုနှင့်လည်ပတ်မှုတို့က အကွာအဝေးနှင့်အချိန်အပေါ် သက်ရောက်မှု ရှိကြောင်းကိုလည်း လေ့လာသွားမည်ဖြစ်သည်။ **(စီအင်န်အင်န်)**

အီရတ်တောင်ပိုင်း ဘာဆာရာမြို့၌ အီရတ်တို့ဆန္ဒပြ

ဘာဆာရာ ဧပြီ ၄

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ဆန္ဒပြသူများနှင့် အီရတ်ရဲအဖွဲ့နှင့် စနေနေ့က ပဋိပက္ခဖြစ်ခဲ့ရာ လူအုပ်ကြီးကို ထိန်းချုပ်နိုင်ရန်အတွက် ရဲအဖွဲ့က လေထဲသို့ထောင်ပြီး သေနတ်ကို ပစ်ဖောက်ခြောက်လှန့်ခဲ့ရသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ဖြစ်သော ဘာဆာရာမြို့လယ်ရှိ စာတိုက်အဆောက်အအုံကို ဆန္ဒပြသူများက တိုက်ခိုက်ခဲ့ကြပြီး ပြတင်းပေါက်မှန်များကို ရိုက်ခွဲခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

လူအုပ်ကြီးက ပစ်ပေါက်သော ကျောက်ခဲထိမှန်သဖြင့် အရာရှိတစ်ဦး ဒဏ်ရာရကြောင်း ရဲက ပြောကြားသည်။

စောင့်ကြည့်

အခြေအနေ ပိုဆိုးလာလျှင် ဝင်ရောက်ထိန်းသိမ်းရန်အတွက် ဗြိတိသျှ သံချပ်ကာစစ်ယာဉ် ၁၀ စီးသည် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဘာဆာရာဒေသသည် ဘဂ္ဂဒက်မြောက်ဘက်နှင့် အနောက်ဘက်ဒေသများနှင့် နှိုင်းယှဉ်လျှင် တည်ငြိမ်အေးချမ်းမှုရှိခဲ့သော ဒေသဖြစ်သည်။

ဒဏ်ရာရ

သို့ရာတွင် လွန်ခဲ့သည့် တနင်္လာနေ့၌ ဆန္ဒပြသူများသည် သံချောင်းများ၊ ကျောက်ခဲများဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ပစ်ပေါက်ခဲ့ကြသဖြင့် ဆန္ဒပြသူတစ်ဦးနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရခဲ့သည်။

မီးလောင်ခံရ

ကြာသပတေးနေ့၌ ဆန္ဒပြသူများနှင့် ရဲအဖွဲ့ ပဋိပက္ခဖြစ်ပွားခဲ့ရာတွင် အီရတ်တစ်ဦး သေဆုံးခဲ့ရသည်။ ပြီးခဲ့သည့် လကုန်ပိုင်း၌ ဆန္ဒပြသူများက ဗြိတိသျှသံချပ်ကာယာဉ် တစ်စီးကို ဓာတ်ဆီဗုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်အချို့ ခဏမျှ မီးလောင်ခံခဲ့ကြရသည်။ **(အင်တာနက်)**

ယှဉ်ပြိုင်ကစား

ဧပြီ ၄ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အက်စတန်ဗီလာနှင့် မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။
(ယင်းပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

6-4 (06).p65 1 3/25/05, 3:46 PM

ဧပြီ ၅ ရက်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံတွင်ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်နိုင်ရေး တွင်းသစ်များရှာဖွေ အစမ်းတွင်းတူးဖော်နေမှုများ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ စစ်ဆေး

ရန်ကုန် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်တွင် တူးဖော်လျက်ရှိသော ပန်းတနော်အစမ်းတွင်း အမှတ်(၁)သို့ သွားရောက် စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေအစမ်းတွင်း လုပ်ငန်းခွင်တွင် တာဝန်ရှိသူများက လက်ရှိတူးဖော်နေမှု အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရည်မှန်းအနက်ပေ ၁၀၀၀၀ ကျော်သို့ သတ်မှတ်ရက်အတွင်း အချိန်မီရောက်ရှိရေး၊ မိုးတွင်းကာလတွင် နောက်ထပ်အစမ်းတွင်းများ ဆက်လက် တူးဖော်သွားနိုင်ရေး၊ ပန်းတနော်–ညောင်တုန်း–မအူပင်ဒေသ ဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများအား ဆိုက်စမစ်တိုင်းတာခြင်း၊ လေ့လာသုံးသပ်ခြင်း လုပ်ငန်းများကို သေချာအောင်ဆောင်ရွက်ပြီး ရှာဖွေရေးတွင်းများ ဆက်လက် တူးဖော်သွားနိုင်ရေး ဆောင်ရွက်ရမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးသည်။

ပြီးစီးမှု

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီတိုင်း ညောင်တုန်းမြို့အနီး အသစ်ထပ်မံ ရှာဖွေတူးဖော်လျက်ရှိသော တွင်းသစ်သို့သွားရောက်စစ်ဆေးသည်။ ဝန်ကြီးအား တူးဖော်ရေးလုပ်ငန်းခွင်တွင် တာဝန်ရှိသူများက လက်ရှိ တူးဖော်နေမှု အခြေအနေ၊ တူးဖော်နေစဉ်တွေ့ရှိရသည့် သဲကြောများ၏အလားအလာတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ညောင်တုန်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမို တိုးတက် ထုတ်လုပ်နိုင်ရန်အတွက် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေး၊ တူးဖော်စဉ်အတွင်း Pressure ကို အထူးဂရုစိုက်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်း–ရန်ကုန် ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပိုက်လိုင်းသစ်

ထို့နောက် ဝန်ကြီးသည် ညောင်တုန်း–ရန်ကုန် ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ဆက်သွယ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ပြီး ပိုက်လိုင်း ဆက်သွယ်မှုအခြေအနေ၊ လက်ရှိသဘာဝဓာတ်ငွေ့ ဖြန့်ခွဲသုံးစွဲမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ ညောင်တုန်းဒေသမှ တိုးတက်ထွက်ရှိလျက်ရှိသော သဘာဝဓာတ်ငွေ့များကို လက်ရှိဆက်သွယ်ပြီး ပိုက်လိုင်းများဖြင့် ပို့လွှတ်ရန် ပိုက်လိုင်းခံနိုင်ရည်၊ ဖိအားလုံလောက်မှု မရှိတော့သဖြင့် ယခုလို ပိုက်လိုင်းအသစ်များထပ်မံဆက်သွယ်ခင်းကျင်းနေရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိတောက်မိုး

❀ ညော့်သည်ပမာ၊ ချိန်မှန်လာသည့်
အတာကြိုမိုး၊ ရွာရောင်ပြိုးကို
စိုးထိတ်ရင်မှာ၊ လာမှလာနိုး
မျှော်စိတ်စိုးနှင့် ရှက်စနိုးတွင်
စောစိတ်သွင်ဖြင့်၊ အပျိုစင်ပိတောက်
ရင်ဖိုနှောင့်။

❀ ခြေတစ်လှမ်းဟန်၊ ကုဋေသန်းတန်သို့
လာရန်ယောင်သွင်၊ မိုးရိပ်ဆင်ပြီး
ခပင်လာနိုး၊ ရွာဟန်ပျိုးကြောင့်
လူဆိုးမိုးရယ်၊ ညှဉ်းရက်တယ်ဟု
ငိုဖွယ်ညိုရိပ်၊ စိုးသည့်စိတ်နှင့်
သည်းထိတ်ဗျာပို၊ ပိတောက်ပျို။

❀ **ခြိုးခြိမ့်သံပေး၊ ရွာဟန်ရေးပြ**
အေးမြမိုးနံ့၊ လေပြည်ဖြန့်ကြောင့်
ရွာအံ့ငယ်ထင်၊ ဝမ်းမြောက်သွင်တို့
ဖိတ်စဉ်လေငြား၊ ဖုံးဖိထားလည်း
ဆီးတားမနိုင်၊ စိတ်ကယိုင်ကြောင့်
မခိုင်အိန္ဒြေ၊ ပိတောက်မေ။

❀ သူလာချော့မှ၊ ပျော့ရမည်မှန်
အားတင်းပြန်လည်း၊ လျော့ရန်ပုံသွင်
မချော့ခင်က၊ ပျော့ချင်နေငြား
ပျောင်းညွတ်သွားမိ၊ တစ်ပါးတိမ်းမူး
ပိတောက်ဖူးခင်၊ ရှက်စိတ်နှင့်အောင်
ရေစင်မိုးဆမ်း၊ သွန်းလောင်းဖျန်း။

❀ သကြ်န်မိုးရေ၊ သူချော့လေလျှင်
ပျို့မေပွင့်ဖူး၊ ခါတန်ရူးဝယ်
ရွှင်မြူးလန်းဆန်း၊ မေတ္တာဖျန်းမှ
လန်းရမည့်သွင်၊ ပိတောက်ခင်မို့
ရွှေရင်အေးရန်၊ သွန်းဖျန်းပြန်လော့
– သကြ်န်မိုးရေ၊ ရွာပါတော့
– ပိတောက်ဖူးမေ၊ တမော့မော့
– အတာဦးကို၊ မျှော်လှပေါ့။ ။

ရန်နိုင်ဦး

၁၃၆၅-ခုနှစ်၊ မြန်မာ့ရိုးရာအတာသင်္ကြန်အား ဤကဗျာဖြင့် ခံစားကြိုဆိုပါသည်။

မကွေးမြို့နယ်အသင်း၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ မတ် ၁၇ ရက်ကကျင်းပရာ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မဆုသစ်သစ်နိုင်အား အသင်းဥက္ကဋ္ဌ၏ဇနီး ဒေါ်နုနုခင်(မြန်မာကိုင်ဒိုကုမ္ပဏီ)က ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (က–ပ)

အဖျောက်သဘာဝဓာတ်ငွေ့မြေ ဒုတိယဝန်ကြီးစစ်ဆေး လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး) ဦးဝေဦး လိုက်ပါလျက် ဧပြီ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား အထွေထွေမန်နေဂျာ ဦးလှမြင့်မောင်နှင့် တာဝန်ရှိသူများက ရေနံမြေ ရှင်းလင်းဆောင်၌ လက်ရှိသဘာဝဓာတ်ငွေ့တွင်းများ၏ ထုတ်လုပ်မှု၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးက သဘာဝဓာတ်ငွေ့များ လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းထုတ်လုပ်ရေးနှင့် မတော်တဆဖြစ်မှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း/ဘဏ္ဍာငွေများ မဆုံးရှုံးစေရေး ဂရုပြုဆောင်ရွက်ရန်၊ မီးဘေးကာကွယ်ရေးစီမံချက်များနှင့်အညီ တိတိကျကျ လိုက်နာ ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်း ထုတ်လုပ်ရေး ဆောင်ရွက်နေမှုများ၊ မီးဘေးကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရာသီမရွေး ရေရရှိနိုင်ရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရေးတို့အတွက် ငါးကန်များ တူးဖော်နိုင်မည့်မြေအနေအထားများ၊ ရေသွယ်ယူနိုင်မည့် အခြေအနေများ စသည်တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်သဘာဝဓာတ်ငွေ့မြေရှိ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)



✻ ကျောဖုံးမှ

တန်ခူးလရောက်ပြီဆိုလျှင် 'သင်္ကြန်တရားစခန်းများဖွင့်မည်' ဆိုသည့် သတင်းကို သတင်းစာတွင်နေ့စဉ်လိုလို တွေ့မြင်နေရသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့တစ်ခုပင်ဖြစ်သည်။

သင်္ကြန်ရေသဘင် ပွဲတော်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည်လည်း ရိုးရာစဉ်လာမပျက် သင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

ကားမောင်းသင်တန်းကွင်းတွင် ရိုးရာစဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရခိုင်အမျိုးသမီးအသင်း၏ 'မြတ်ပန်းသဇင်'မဏ္ဍပ်၊ မြောက်ဦးမြို့နယ်အသင်း၏ 'ရခိုင်တန်ဆောင်း'မဏ္ဍပ်၊ မောင်တောမြို့နယ်အသင်း၏'မေယုပျိုဖြူ'မဏ္ဍပ်၊ ရွှေတိဂုံဘုရား ရခိုင်မောင်မယ် တံမြက်လှည်းအသင်း၏ 'ရိုးမရင်သွေး'မဏ္ဍပ်၊ ပုဏ္ဏားကျွန်းမြို့နယ်အသင်း၏ 'ဦးရာဇ်မြေ' မဏ္ဍပ်၊ တောင်ကုတ်-အမ်းမြို့နယ်အသင်း၏ 'ရိုးမနဒီ'မဏ္ဍပ်၊ ဧည့်ခံဗဟို

လည် စားသောက်နေထိုင်လေ့ရှိရာ မိမိတို့နှင့် အနီးစပ်ဆုံး အလွယ်ကူဆုံး လှေကိုသာ ရေထည့်ခွက်ပမာ အသုံးပြုကြခြင်းဖြစ်ပါတယ်။

ရေကစားမည့် လုလင်ပျိုကြီးငယ် (မောင်ရီးသျှင်)အစ်ကို၊ မောင်လယ်သျှင် (အစ်ကိုလတ်) လုလင်ပျိုများသည် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်ဖွဲ့၍သော်လည်းကောင်း နွားလှည်းများတွင် ပိတောက်ပန်းများဆင်၍ ရေကစားရန်မဏ္ဍပ်သို့ လာရပါတယ်။ မဏ္ဍပ်ရောက်လျှင် မဏ္ဍပ်

အသူက,ကေ လှပါရေ၊ အဘုချေက, ကေ သျှိုင်ဒိုင်လှပါရေ... (ရခိုင်)[၁] အက၊ (ရခိုင်အက၊ သျှိုင်ဒိုင်က)[၂] လက်ခုပ်စလို့ တီးရပါရေ ...

စသည့် ရခိုင်သျှိုင်ဒိုင်အက သီချင်းမှာ ရခိုင်သင်္ကြန်ပွဲတော်တွင် လှပျိုဖြူကလေးများ ကလေ့ရှိသည့် သျှိုင်ဒိုင်အက သီချင်းပင်ဖြစ်ပါသည်။

ရခိုင်သင်္ကြန် စတင်သန္ဓေတည်လာပုံမှာ ဘီစီ (၅၂၈) ခုနှစ် ဓညဝတီ

ဘုရားရေသပ္ပာယ်ရန် နံ့သာခွက်များဖြင့် တန်းစီလှည့်လည်ပွဲတွင် ရခိုင်မင်္ဂလာစည်တော်ဖြင့် ဤသို့ မြိုင်ဆိုင်စွာတွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

မဏ္ဍပ်တို့ကို စီစဉ်လျက်ရှိသည်။

ရခိုင်ရိုးရာသင်္ကြန် ကျင်းပပုံနှင့် စပ်လျဉ်း၍ ရခိုင်သင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဝင် ဒေါ်နုမြဇံကို စေ့ငုကြည့်ရာ "ဧပြီ ၂ရက် အကြိုနေ့ နံ့သာသွေးပွဲတွင် ရခိုင်လှပျိုဖြူများက ကျောက်ပျဉ်နဲ့ နံ့သာတုံး

ရှင်မ(အုပ်ထိန်းသူ အမျိုးသမီးကြီး)ထံ ရေကစားရန်ခွင့်တောင်းရပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရခိုင်သမီးပျိုလေးများက မဏ္ဍပ်ကို ကျောပေး၍ လှေကိုမျက်နှာမူထိုင်နေကြရသည်။ ရေကစားမည့် လူငယ်များက မိမိရေကစားလိုသည့်

ရေကစားနိုင်

လူငယ်ပိုင်းသာမက အသက်ကြီးပိုင်းမှ ယောကျ်ားကြီးများကလည်း 'အဘကီးတို့လာဗျာယ်'ဟု ပျော်ရွှင်စွာ နောက်ပြောင်၍ မဏ္ဍပ်တွင်းမှ လုံမပျိုများနှင့် ရေကစားနိုင်သည်။ ပြင်ပမှ လာရောက်သော အခြားဧည့်သည်များလည်း ဝင်ရောက်ရေကစားနိုင်ပေသည်။

ရခိုင်သင်္ကြန်ပွဲတော်သည် နိုင်ငံတော်မှ ချမှတ်ပေးသော 'မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ရိုးရာမပျက် ဆက်လက် ကျင်းပရန်'ဆိုသည့် ရည်ရွယ်ချက်နှင့် ရိုးရာသင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ ထူးခြားချက်မှာ ရခိုင်သီချင်း၊ ရခိုင်အက၊ ရခိုင်ရိုးရာ တေးသွားများဖြင့် ဖျော်ဖြေခြင်းဖြစ်ပြီး အနောက်တိုင်း

လှပျိုဖြူတို့၏ သင်္ကြန်အကကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ခေတ် စန္ဒာသူရိယဘုရင်သည် မြတ်စွာဘုရားနှင့် နောက်ပါသံဃာတော်တို့ ဒေသစာရီကြွချီလာသည်ကို သတင်းကြား၍ မနောဖြင့် အဓိဋ္ဌာန်ပြု ပင့်ဖိတ်ရာ မြတ်စွာဘုရားသည် မောရပပ္ပတ္တသေလာဂီရိကျောက်တော်တောင်ကစ္ဆပနဒီမြစ်၏ တစ်ဖက်ကမ်း (ယခုကျောက်တော်မြို့ တစ်ဖက်ကမ်း)တွင် မြတ်စွာဘုရားနှင့် နောက်ပါသံဃာတော်အပါး ၅၀၀ ဖြင့် ကြွချီတော်မူလာပြီး ဘုရင်မင်းမြတ်နှင့် တိုင်းသူပြည်သားများကိုးကွယ်ရန် မြတ်စွာဘုရားကိုယ်စား ပုံစံတူကိုယ်တော်ပွားမဟာမြတ်မုနိဆင်းတုတော်ကို သွန်းလုပ်စေ၍ ရခိုင်ပြည်သူပြည်သားတို့သည် ဆင်းတုတော်အား ရေသပ္ပာယ်ခြင်း အမွှေးနံ့သာများ ပက်ဖျန်းပေးခြင်းဓလေ့ရှိခဲ့သည်။

ရခိုင်ရိုးရာ ဘုရားရေသပ္ပာယ်ပွဲ (ရီချိုးပွဲ)၊ နံ့သာသွေးပွဲ(နံ့သာသွီးပွဲ) များကို သင်္ကြန်ရက်များ၌ အစဉ်အလာမပျက် ပြုလုပ်ကြသည်။

၁၃၆၅ ခုနှစ် ရခိုင်သင်္ကြန်ပွဲတော်ကို ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ

ကိုယ်စီဖြင့် နံ့သာများသွေး၍ စဉ့်အိုးကြီးများတွင် ထည့်ကာ ဧပြီ ၁၃ရက် သင်္ကြန်အကျနေ့၌ ဘုရား ရေသပ္ပာယ်ပြုကာ ငွေဖလား၊ မြေအိုးငယ်တို့တွင် သွေးပြီးနံ့သာရည်များကို သပြေညွန့်များဖြင့် ဘုရားကို ပက်ဖျန်းပူဇော်ကြမှာဖြစ်ပါတယ်။ ဒီလိုမပူဇော်မီ ရခိုင်ပျိုဖြူ၊ လုလင်ပျိုတို့သည် ရခိုင်ရိုးရာထိုင်မသိမ်း၊ ရခိုင်လုံချည်၊ ရခိုင်ဆံထုံးကို ထုံးလျက်ရိုးရာဝတ်စားဆင်ယင်မှုကို အစဉ်အလာမပျက်ဝတ်ဆင်၍ ရခိုင်မင်္ဂလာစည်တော်အဖွဲ့နှင့်အတူ စီတန်း လှည့်လည်ကြမည်ဖြစ်သည်။ ရေသပ္ပာယ်ပြီးမှ တစ်ဦးနှင့်တစ်ဦး ရေလောင်းခြင်း၊ နံ့သာရည်ဖြင့် ပက်ဖျန်းခြင်းများ သိမ်မွေ့စွာ ရေကစားကြမှာဖြစ်ပါတယ်။

ထူးခြားချက်

ရခိုင်သင်္ကြန်၏ ထူးခြားချက်မှာ လောင်းလှေကြီးများတွင် ရေအပြည့်ဖြည့်၍ ရေကစားခြင်းပင်ဖြစ်ပါတယ်။ ဒီလိုလှေကို အသုံးပြုရခြင်းမှာ ရခိုင်တိုင်းရင်းသားတို့သည် မြစ်ချောင်း၊ အင်းအိုင်ရှိသောနေရာများ၌ ကျင်

ရခိုင်သမီးပျိုကို ရွေးချယ်ခေါ်ယူရေကစားနိုင်သည်။ ရခိုင်သမီးပျိုက ငြင်းပိုင်ခွင့်မရှိပေ။ ရေကစားမည့် လူငယ်က ဖလား၊ ပုံးတို့ဖြင့် ရခိုင်သမီးပျိုထံ ရေလောင်းသောအခါ မိန်းကလေးက လှေထဲမှ ရေကိုခပ်၍ ထည့်ပေးရပါသည်။

တေးဂီတ၊ သရုပ်ပျက် ဝတ်စားဆင်ယင်မှုများ လုံးဝ ပါဝင်မည်မဟုတ်ဘဲ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်သည် နိုင်ငံနှင့် လူမျိုး၏ ဓလေ့စရိုက်နှင့် ကိုက်ညီသော ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်ကြောင်းသိရှိရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချ ပြုလုပ်၍ ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ် ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ဝ၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

လောင်းလှေတွင် ရေထည့်၍ ပျော်ရွှင်စွာရေကစားနေသော ရခိုင်ရိုးရာသင်္ကြန်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)



ဒသသနသမ္မဒါ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၅

သင်္ဃန်းကျွန်းမြို့နယ် ၈/ကရပ်ကွက် မဟာအောင်မြေရွှေဂူကျောင်းတိုက်၌ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ထေရဝါဒ ဒသသနသမ္မဒါ သတိပဋ္ဌာန် (အထူး)မေ့သင်တန်းကို မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် ဘဒ္ဒန္တ နာရဒနှင့် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ(မဟာဓမ္မာစရိယ၊ M.A)တို့က ညနေ၄နာရီမှစ၍ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

▼ **ကျော့ဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေးရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနမာရ်အောင် ဝဲပုံ့စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကရေးရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနမာရ်အောင် ဝဲပုံ့စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသထံမှ ဒါယကာ ဒါယိကာ သည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ်စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေပဒေသာပင်များစိုက်ထူလှူဒါန်းရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဇနီး ဒေါ်ကြည်ကြည်အုန်း၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၁၀သိန်း၊ ဗန္ဓုလယာဉ်လိုင်းမှ ငွေကျပ် သုံးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေကျပ် တစ်သိန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေကျပ်တစ်သိန်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) မြို့တွင်း၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)အဝေးပြေး၊ ငြိမ်းချမ်းရေးယာဉ်လိုင်းများကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စမ်းချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကအလှူငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စမ်းချောင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗားကရာတိုက် ဝံသမေဒနီ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားများ ဟောကြားတော်မူပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ဧပြီ၅ရက်က ထားဝယ်ပန်းချီဆရာများ၏ သုန်သုန်လေရူး နွေဦးပန်းချီပြပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိအမျိုးသားပြတိုက်၌ ဆက်လက်ခင်းကျင်းပြသထားရာ စိတ်ပါဝင်စားသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပေါ်တော်မူ(ဆန္ဒတော်ပြည့်)စေတီဌာပနာတော်သွင်း၊ ရွှေထီးတော်နှင့်ငှက်မြတ်နားတော်တင်လှူ မဟာမုနိရုပ်ပွားတော်မြတ်ကြီးဦးသျှောင်တော်တင်ခြင်းမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် မယားမန်ကျေးရွာ ငါးဆူတောင် ဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ပေါ်တော်မူ(ဆန္ဒတော်ပြည့်) စေတီတော်မြတ်ကြီးအားဌာပနာတော်၊ ရွှေထီးတော်၊ငှက်မြတ်နားတော် တင်လှူခြင်းနှင့် မဟာမုနိ (ရုပ်ပွားတော်) မြတ်ကြီးအား ဦးသျှောင်တော်တင်လှူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မဟာမုနိ (ရုပ်ပွားတော်)မြတ်ကြီးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ သည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ ဌာပနာတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပေါ်တော်မူ(ဆန္ဒတော်ပြည့်)စေတီတော်မြတ်ကြီးအား ရည်စူးလျက် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဓမ္မာရုံမှ ပင့်ဆောင်ပြီး ပေါ်တော်မူ(ဆန္ဒတော်ပြည့်)စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ကာရွှေထီးတော်တင်ဆောင်မည့်နေရာသို့ ပင့်ဆောင်ကြသည်။

ရွှေမိုးငွေမိုး

ယင်းနောက် ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် ဌာပနာနှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို လည်းကောင်း၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို လည်းကောင်း၊ တပ်မတော်(လေ) မြလေယာဉ်ထီးတော်တင်အဖွဲ့ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး သည့်ပရိသတ် အပေါင်းတို့က "ဇယန္တော ဗောဓိယာမူ လေ"အစချီသော အောင်ဂါထာတော်တို့ကို ရွတ်ဖတ်ပူဇော်ကြကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းပူဇော်သည်။ ထို့နောက် သည့်ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြပြီး ဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

အနေကဇာတင်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးအား ဦးသျှောင်တော် တင်လှူပူဇော်ပြီး နံ့သာရည်များ ပက်ဖျန်းပူဇော်၍ ရွှေရည်၊ငွေရည်များဖြင့် မျက်နှာတော်အား ရောင်ခြည်တော်ဖွင့်၍ပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဘုရားအနေကဇာတင်လှူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စူဝံသမဝါယမအသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၅

သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန စူဝံ မြေတိုင်းတာရေး၊ မြေပုံထုတ်လုပ်ရေးနှင့် အထွေထွေဆောင်ရွက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကြီးကို ဧပြီ ၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြေတိုင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

■ **ရှေ့ဖုံးမှ**

နှစ်(၁၀၀)ပြည့်အခမ်းအနားသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ကာ မြန်မာ အင်ဂျင်နီယာများ၏ သင်္ဘောတည် ဆောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်နေမှုများကို မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးအောင်ကရှင်းပြရာတွင် "အလုံသင်္ဘောကျင်းသည် သင်္ဘောကျင်းခြောက်ကျင်းအနက်တစ်ကျင်းဖြစ်ပြီး ၁၉၀၄ ခုနှစ်တွင် အလုံသင်္ဘောကျင်းကို ဧရာဝတီ ဖလိုတီလာကုမ္ပဏီလီမိတက်က သင်္ဘောကျင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာမှ ရန်ကုန် ဖောင်ဒရီအမည်ဖြင့် ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် ဇွန်လ၁ရက်တွင် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုဖြစ်လာခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ရန်ကုန်ဖောင်ဒရီအမည်မှ အလုံသင်္ဘောကျင်းဟု အမည်ပြောင်းခဲ့ကြောင်း။

သမိုင်းကြောင်း

အလုံသင်္ဘောကျင်းသည် နှစ်ပေါင်း(၁၀၀) ပြည့်မြောက်ခဲ့ပြီး ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ရေယာဉ်သစ်များ တည်ဆောက်ပေးခြင်း၊ ရေယာဉ်အဟောင်းများ ပြုပြင်ပေးခြင်း၊ အင်ဂျင်နီယာ အတတ်ပညာပိုင်းဆိုင်ရာများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းများ အရှိန်အဟုန်ဖြင့် အောင်မြင် တိုးတက်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

၁၉၆၂ခုနှစ်မှ ယနေ့အထိ ရေယာဉ်အသစ် အစင်း ၄၀ ကို တည်ဆောက် ပေးနိုင်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ရေယာဉ်အကြီး ၉၃၉ စင်း၊ ရေယာဉ်အသေး ၂၃၆၆ စင်း စုစုပေါင်းရေယာဉ် ၃၃၀၅ စင်းတို့ကို ပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ မီးရထားတွဲများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ပေးမှုများလည်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း" မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

အလုံသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပိုင် သင်္ဘောများအပြင် အခြားပြင်ပမှ အပ်နှံသည့် တန်ချိန် ၁၀၀၀ တင်နိုင်သော သင်္ဘောများကိုလည်း အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရေယာဉ်တွင်သုံးသည့် စက်အရံ ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိသဖြင့် နိုင်ငံခြားငွေ ယိုပေါက်များကိုလည်းကာကွယ်နိုင်ကြောင်း ဒုတိယအင်ဂျင်နီယာမှူးကြီးက ဆက်လက်ပြောကြားသည်။

အလုံသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ ဒုတိယအကြီးဆုံး သင်္ဘောကျင်းကြီးဖြစ်ပြီး ကျင်းလမ်း ခြောက်ခုဖြင့် ရေယာဉ် ၁၅ စင်းကို တစ်ပြိုင်နက် ကျင်းတင်ပြုပြင်နိုင်ကြောင်းသိရသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအင်ဂျင်နီယာဌာန အလုံသင်္ဘောကျင်းကြီးသည် စက်ရှိစက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများကို ရေယာဉ်ကြံ့ခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေး

မကြာမီရေချတော့မည့် အလုံသင်္ဘောကျင်းက တည်ဆောက်ပေးသည့် ရေယာဉ်သစ်ကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်)



ညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ရေယာဉ်ဟောင်းများအား အောက်ခြေသိမ်းပြန်လည်ပြင်ဆင်ခြင်း၊ ရေယာဉ်သစ်များ တည်ဆောက်ခြင်း၊ နှစ်ပတ်လည်ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ် ကျင်းတင်ပြင်ဆင်ခြင်း၊ ရေယာဉ်များ၏စက်များ၊ ဂီယာများကို အောက်ခြေသိမ်း ပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေ ခွင့်ပြုချက်ပေါ်မူတည်၍ သက်ဆိုင်ရာလုပ်ငန်းဆက်နွှယ်သည့် ဌာနများနှင့် ညှိနှိုင်းပြီး စီမံချက်ရေး ဆွဲအကောင်အထည်

အလုံသင်္ဘောကျင်းအတွင်း တည်ဆောက်ဆဲ လုပ်ငန်းခွင်ကို ဤသို့ တွေ့မြင်ရသည်။

(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်)

ဖော်လျက်ရှိကြောင်း သိရှိရသည်။ ထို့အပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာရှင်များ၊ နည်းပညာရှင်များ၊ ရေယာဉ်လိုက် ဝန်ထမ်းများ လုံလောက်သော အင်အားရှိစေရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် စုဆောင်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ခွဲဝေနေရာချထားပေးခြင်းတို့ကိုလည်းကောင်း၊ ရေယာဉ်စက်ကိရိယာ ပြင်ဆင်မွမ်းမံခြင်းနှင့်ပတ်သက်၍ နည်းစနစ်မှန်ကန်ရေး၊ အသုံးပြုပစ္စည်းများ မှန်ကန်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဓိကဌာန

အလုံသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေး၏ ရေယာဉ်များအတွက် ပြည်တွင်းစက်ပစ္စည်းများ၊ ပြည်ပမှ မှာယူတင်သွင်းသည့် စက်ပစ္စည်းများကို သိုလှောင်၊ ထိန်းသိမ်း၊ ဖြန့်ဖြူးပေးရာ အဓိကဌာနကြီးလည်းဖြစ်သည်။

အလုံသင်္ဘောကျင်းမှ တစ်နှစ်လျှင် ရေယာဉ်အကြီးစားပြင်ဆင်ခြင်း ပျမ်းမျှ ၅၈ စင်း၊ အသေးစားပြင်ဆင်ခြင်း ပျမ်းမျှ ၁၈၂စင်းတို့ကို ပြုပြင်ပေးနိုင်ကြောင်းသိရသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန၏ အလုံသင်္ဘောကျင်းကြီးသည် ၂၀၀၄ ခုနှစ် ဧပြီလ၁ရက်တွင် နှစ်(၁၀၀) ပြည့်မြောက်သည်မှ နောင်အနာဂတ်တွင် ရေယာဉ်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိ အောင်ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဟုယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စုပေါင်းကာကွယ်လမ်းအန္တရာယ် ထိခိုက်မှုမှကင်းစေမယ်

ဧပြီလ ၇ရက် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်းပါး)

လူများတစ်နေရာမှ တစ်နေရာသို့ သွားလာခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း စသောလုပ်ငန်းများတွင် မော်တော်ယာဉ်များကို သုံးစွဲကြရသည်။ယခုအခါတွင်နိုင်ငံတိုင်း၌ မြို့ရွာအနှံ့အပြားတွင်မော်တော်ယာဉ်များကို ယခင်ကာလများကထက် ပိုမို၍ တွင်ကျယ်စွာ သုံးစွဲနေကြသည်ကို တွေ့ရှိနိုင်သည်။ မြို့ကြီးများတွင် ခရီးသည်တင်ဘတ်စ်ကားများဖြင့် လမ်းများပေါ်တွင် ပြည့်နှက်နေသည့်နည်းတူ နယ်မြို့များရှိလမ်းများပေါ်တွင်လည်း ကုန်ပစ္စည်းတင်ယာဉ်မျိုးစုံတို့က နေရာယူထားကြသည်။

ယာဉ်များပေါ်များလာသည့်နည်းတူ ယာဉ်နှင့်ပတ်သက်သော ထိခိုက်မှုအန္တရာယ်မျိုးစုံတို့ကလည်း တိုးပွားလာနေသည်။ ယခုအခါ ကျယ်ပြန့်သော ခေတ်မီလမ်းသစ်ကြီးများ ပေါ်များလာသည်နှင့်အမျှ အဆိုပါလမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာဘဲ မဆင်မခြင် ရမ်းကားစွာ မောင်းနှင်နေကြသော မော်တော်ယာဉ်မောင်းများလည်း ပေါ်များလာနေသည်ကို တွေ့ရှိနေရသည်။

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်မောင်းတတ်ရုံသက်သက်နှင့် ပြီးပြည့်စုံခြင်းမရှိသည်ကို သတိပြုသင့်သည်။ မိမိမောင်းနှင်ရမည့်ယာဉ်ကို မမောင်းမီတွင် အန္တရာယ်ရှိနိုင်ဖွယ်ရာ အခြေအနေရှိမရှိ၊ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိ စစ်ဆေးရန်နှင့် ပြုပြင်ရန်လိုအပ်ပါက ပြုပြင်တတ်ရန်၊ လိုအပ်ပါက ကျွမ်းကျင်သောစက်ပြင်ဆရာကို ခေါ်ယူပြသရန် တာဝန်ရှိသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရသော အကြောင်းရင်းများကိုလေ့လာရာတွင်–

(၁) လူ(ယာဉ်မောင်းနှင်သူ)ကြောင့် ဖြစ်ပွားရခြင်း

(၂) စက်ပစ္စည်းကြောင့် ဖြစ်ပွားရခြင်း

(၃) သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားရခြင်း

ဟူ၍ တွေ့ရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အကြောင်းရင်းများထဲတွင် လူ(ယာဉ်မောင်းနှင်သူ)ကြောင့် ဖြစ်ပွားရသော မတော်တဆထိခိုက်မှုသည် ပိုမိုများပြားသည်။ ခရီးသည်တင်ကားများတွင် ယာဉ်မောင်းသူနှင့် ယာဉ်နောက်လိုက်များ၏ မဆင်မခြင် ရမ်းကားစွာ မောင်းနှင်မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး အလုအယက်အပြိုင်အဆိုင် ကျော်တက်မောင်းနှင်မှု၊ လမ်းစည်းကမ်းမလိုက်နာမှု၊ သတ်မှတ်ခရီးသည်ထက် ပိုမိုတင်ဆောင်မှုများကြောင့် ထိခိုက်မှုအန္တရာယ်များဖြစ်ပွားနေရသည်။ ခရီးသည်တင်ယာဉ်များကို မောင်းနှင်နေရသူများအနေဖြင့် ပိုက်ဆံရရန် သက်သက်ကိုသာ မကြည့်ဘဲ မိမိယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေးကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

ညအချိန်တွင် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် တစ်ဦးတည်း အချိန်ကြာမြင့်စွာ မောင်းနှင်ရပါက ယာဉ်အန္တရာယ် ဖြစ်ပွားစေနိုင်သည်။ ယာဉ်မောင်းသူတစ်ဦးတည်းမှ ၆နာရီ ၇နာရီကြာ ဆက်တိုက်မောင်းနှင်ရပါက ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ပြီး ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပွားတတ်သည်။ ကုန်တင်ယာဉ်များတွင်လည်း သတ်မှတ်ထားသော အလေးချိန်အတိုင်းသာ တင်ဆောင်ရန် လိုအပ်သကဲ့သို့ အကယ်၍ ယာဉ်ပေါ်တွင် လောင်စာဆီများ၊ ဓာတ်ငွေ့များ၊အက်ဆစ်များပါရှိလာပါက လူများတင်ဆောင်ခြင်းမပြုဘဲ ပိုမိုသတိရှိစွာ မောင်းနှင်သင့်သည်။

စက်ပစ္စည်းကြောင့် ဖြစ်ပွားရသော ထိခိုက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် ယာဉ်မောင်းသူများအနေဖြင့် မိမိတို့ တာဝန်ယူမောင်းနှင်ရသည့် ယာဉ်များ၏ စက်ပိုင်းဆိုင်ရာ အခြေအနေကို အမြဲမပြတ်စစ်ဆေးနေရန် လိုအပ်သည်။

သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပွားရသော ထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ယာဉ်မောင်းသူများအနေဖြင့် မိုးရွာနေစဉ်၊ ဆီးနှင်းထူထပ်စွာ ကျနေစဉ်တို့တွင် အထူးသတိပြုမောင်းနှင်ရမည်ဖြစ်သည်။ လမ်းပေါ်၌ ဖိတ်စဉ်နေသော အင်ဂျင်ဝိုင်များကြောင့် မိုးရွာနေစဉ် လမ်းချော်တိမ်းမှောက်တတ်ခြင်း၊ ဆီးနှင်းထူထပ်စွာ ကျရောက်မှုကြောင့် ရှေ့ကား နောက်ကားမမြင်ရဘဲ ဖြစ်နေချိန်တွင် အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွားတတ်ခြင်း စသောအချက်များကို သတိပြုဆင်ခြင်ပြီး မောင်းနှင်သင့်သည်။

တစ်ဖက်တွင်လည်း လမ်းအသုံးပြုနေကြသော ခရီးသွားပြည်သူများမှ လမ်းစည်းကမ်းမလိုက်နာမှုများ ရှိနေသည်ကိုလည်း တွေ့ရှိနိုင်သည်။ လမ်းဘေးပလက်ဖောင်းပေါ်မှမသွားဘဲ လမ်းမပေါ်မှသွားလာနေမှုများ၊ သတ်မှတ်ထားသော လမ်းဆုံများ၊ မျဉ်းကျားများ၊ ခုံးကျော်တံတားများမှ မကူးဘဲ မိမိတို့ကူးချင်သည့်နေရာများမှ လစ်လျှင်လစ်သလို စည်းကမ်းမဲ့စွာ လမ်းဖြတ်ကူးနေမှုများသည် ထိခိုက်မှုအန္တရာယ်ကို လက်ကမ်း ဖိတ်ခေါ်နေခြင်းများ ဖြစ်ပါသည်။

ထိုနည်းတူပင် ရန်ကုန်မြို့တွင်းတွင် မောင်းနှင်နေကြသော မော်တော်ယာဉ်အများစုကို လေ့လာကြည့်ပါက မျဉ်းကျားမရောက်မီ အရှိန်လျှော့ မောင်းနှင်ရမည်ဟု သတ်မှတ်ထားခြင်းနှင့် လူကူးမျဉ်းကျားတွင် လမ်းဖြတ်ကူးသူများ လမ်းကူးနေသည်ကို ပြီးစီးအောင်စောင့်ပြီးမှသာ မောင်းနှင်ရန်၊ သတ်မှတ်ထားသည်များကို မလိုက်နာဘဲ လမ်းဖြတ်ကူးသူများက မျဉ်းကျားနားပလက်ဖောင်းပေါ်တွင်ရပ်လျက် ကားများ ရှင်းလင်းအောင်စောင့်ပြီးမှ လမ်းကူးကြရသည်များကိုလည်း တွေ့ရှိနေရပါသည်။ တစ်ခါတစ်ရံ ရဲတင်းသော လမ်းဖြတ်ကူးသူများ ကားများကို မစောင့်ဘဲ မျဉ်းကျားမှ အတင်းဖြတ်ကူးသည့်အခါတွင် မရပ်ချင် ရပ်ချင်နှင့် ရပ်ပေးကြရသော ကားများပေါ်မှ ယာဉ်မောင်းများ၏ အောဟစ်ဆဲဆိုသွားခြင်းများကိုလည်း ကြုံတွေ့နေရသည်။

ယာဉ်မတော်တဆ ထိခိုက်မှုဖြစ်ပွားပါက ယာဉ်မောင်းသူသာမက၊ ယာဉ်ပေါ်ပါခရီးသည်များနှင့် ဘေးပတ်ဝန်းကျင်မှ ပြည်သူလူထုကိုပါထိခိုက်မှုဖြစ်စေသည်။ ယခုအခါ၌ ကမ္ဘာ့နေရာအနှံ့အပြားတွင် မော်တော်ယာဉ်နှင့် ပတ်သက်သော ထိခိုက်မှုအန္တရာယ်များအပါအဝင် လမ်းပေါ်တွင် ဖြစ်ပွားသော ထိခိုက်မှုအန္တရာယ်ဖြစ်ပွားနှုန်းများ တိုးတက်မြင့်မားလာသည်ကိုတွေ့ရှိနေရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကမ္ဘာသူကမ္ဘာသားများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာလျက်ရှိရာတွင် အထက်ဖော်ပြပါ ထိခိုက်မှုအန္တရာယ်များကို ဂရုပြုမိသည်ဖြစ်ရာ၊ ထိန်းချုပ်မှုများ ပြုလုပ်နိုင်ရန် လိုအပ်သောကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရေးအတွက် ယခုနှစ် ဧပြီလ ၇ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကျန်းမာရေးနေ့ တွင် Road Safety Is No Accident(စုပေါင်းကာကွယ် လမ်းအန္တရာယ်၊ ထိခိုက်မှုမှ ကင်းစေမယ်)ဟူသော ဆောင်ပုဒ်ဖြင့် မီးမောင်းထိုးပြထားသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ လမ်းများပေါ်တွင် လူပေါင်း ၁၄၀၀၀၀ခန့်သည် ထိခိုက်မှုအန္တရာယ်များနှင့် နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ထိုအထဲမှလူပေါင်း ၃၀၀၀ကျော်သည် အသက်ဆုံးရှုံးကြရပြီး ၁၅၀၀၀ခန့်သည် ကိုယ် အင်္ဂါချို့ယွင်းမှုများ ခံစားကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထားသည်။

လမ်းအန္တရာယ်ဟုဆိုရာတွင် လမ်းနှင့်ပတ်သက်နေသည့် အရာများအားလုံး၊ လမ်းကိုအသုံးပြုနေကြသူများအားလုံး ပါဝင်သည်။ လမ်းများကောင်းမွန်ရေး၊ လမ်းများပေါ်တွင် သွားလာနေကြသော ခရီးသွားပြည်သူများ စည်းကမ်းနှင့်အညီသွားလာရေး၊ လမ်းပေါ်တွင် မောင်းနှင်နေကြသော ယာဉ်များအားလုံး (အနေးယာဉ်များအပါအဝင်) စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာကြရေး စသည်ဖြင့် အဘက်ဘက်မှာ ကိုယ့်စည်းကမ်းနှင့်ကိုယ် ညီညွတ်စွာ သွားလာလှုပ်ရှားကြရန် လိုအပ်သည်။ ဤကဲ့သို့ ခရီးသွား ပြည်သူများဘက်မှလည်း စည်းကမ်းလိုက်နာပြီး၊ ယာဉ်များမှလည်း စည်းကမ်းနှင့်အညီ မောင်းနှင်ကြပါက လမ်းပေါ်တွင် ဖြစ်ပွားသော လမ်းအန္တရာယ်မှ ကင်းဝေးစေမည် ဖြစ်သည်။

ထွန်းအောင်လှ

(လုပ်ငန်းခွင်ကျန်းမာရေး)

အထူးသဖြင့် မော်တော်ယာဉ်မောင်းနှင်သူများသည် လမ်းအန္တရာယ်ဖြစ်ပွားမှု၏ အဓိကတာဝန်ရှိသူများဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သူများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာလိုက်နာကြပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှု ရာခိုင်နှုန်းကို သိသာစွာ လျှော့ချနိုင်မည်ဖြစ်သည်။

ထိုသို့ဆိုသဖြင့် မော်တော်ယာဉ်မောင်းသူများသာ စည်းကမ်းလိုက်နာကြရန် တာဝန်ရှိသည်ဟု မှတ်ယူ၍ မရပါ။ လမ်းကိုအသုံးပြုနေကြသူများအားလုံးသည် မိမိတို့အသုံးပြုသည့်ကဏ္ဍနှင့် သက်ဆိုင်ရာ စည်းကမ်းများကို လိုက်နာရန် တာဝန်ရှိသည်။ အနေးယာဉ်မောင်းနှင်သူများသည်လည်း မိမိတို့နှင့် သက်ဆိုင်ရာ စည်းကမ်းများကို လိုက်နာကြရမည် ဖြစ်သည်။ ထို့အတူ ခြေလျင်လျှောက်သူများကလည်း သတ်မှတ်ထားသော လမ်းစည်းကမ်းကို လိုက်နာကြရမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့်–

- **မိမိမောင်းနှင်သော ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို မိမိ၏အသက်နှင့် ထပ်တူထပ်မျှ သဘောထား၍ တာဝန်ယူသည့် စိတ်ဓာတ်ရှိရန် လိုအပ်ပါသည်။**
- **ယာဉ်မောင်းများအားလုံးသည် ယာဉ်မောင်းတတ်ရုံ၊ ယာဉ်မောင်းလိုင်စင်ရှိရုံနှင့် မပြည့်စုံသေးပါ။ မိမိမောင်းနှင်ရသောယာဉ်နှင့် ပတ်သက်၍ စက်ပိုင်းဆိုင်ရာ၊ ယာဉ်ကိုယ်ထည်ပိုင်းဆိုင်ရာများကို ကောင်းမွန်စိတ်ချရသော အခြေအနေတွင် ရှိ မရှိကို စစ်ဆေးနိုင်သော အရည်အချင်းရှိရန် လိုအပ်ပါသည်။**
- **ယာဉ်မောင်းများအားလုံး စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံမှု ရှိမရှိကို သိရှိနိုင်ရန်အတွက် ကျန်းမာရေးစစ်ဆေးခြင်းကို မပျက်မကွက် ပြုလုပ်သင့်ပါသည်။ (အထူးသဖြင့် ခရီးသည်တင်ယာဉ်များနှင့် အဝေးပြေးကုန်တင်ယာဉ်များ၊ လော်ရီကားကြီးများ၊ ထရပ်ကားကြီးများကို မောင်းနှင်သူများအနေဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာရေးနှင့် ပြည့်စုံမှုရှိစေရန် လိုအပ်ပါသည်။ ဥပမာ–ယာဉ်မောင်းနှင်နေစဉ် အပြင်းအထန် သွေးတိုးဖြစ်ပွားခြင်း၊ နှလုံးထိခိုက်ခြင်း၊ မူးမေ့သတိလစ်ခြင်း၊ စိတ်ဖောက်ပြန်မှုကြောင့် မော်တော်ယာဉ်ကို အတိုင်းအဆမရှိဘဲ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း စသည်တို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်၍ ယာဉ်မောင်းနှင်သူများအားလုံး ကျန်းမာရေး စစ်ဆေးခြင်းကို မပျက်မကွက် ပြုလုပ်သင့်ပါသည်။)**
- **ခရီးသည်တင်ယာဉ်များ၊ အဝေးပြေးကုန်တင် ထရပ်ကားကြီးများ အားလုံးကို ခရီးစတင်မထွက်ခွာမီ တာယာများ၊ ဘရိတ်စနစ်များနှင့် အင်ဂျင်ပိုင်းဆိုင်ရာများကို ပုံမှန်စစ်ဆေးသည့်လုပ်ငန်းကို အလေ့အကျင့်တစ်ခုအနေဖြင့် (သို့မဟုတ်)လိုက်နာရန် စည်းကမ်းတစ်ရပ်အနေဖြင့် သတ်မှတ် လုပ်ဆောင်သင့်ပါသည်။**
- **မိမိမောင်းနှင်သော မော်တော်ယာဉ်၏ အလေးချိန်၊ တင်ဆောင်နိုင်သည့် ကုန်ပစ္စည်းအလေးချိန်နှင့် ခရီးသည်ဦးရေတို့ကို သတ်မှတ်ထားသည်ထက် ပိုမိုခြင်းမရှိစေရန် သတိပြုသင့်ပါသည်။**
- **နေရာဒေသအသီးသီးတွင် အချိန်မရွေး အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် မည်သည့် အရက်ကိုမဆို (ထန်းရည်အပါအဝင်) ခရီးသည်တင်ယာဉ်များ၊ အဝေးပြေးကုန်တင်ကားကြီးများ၊ ထော်လာဂျီယာဉ်များ (နယ်များတွင် ရှိသည်)ကို မောင်းနှင်သူများအနေဖြင့် ယာဉ်မောင်းနှင်သည့် တာဝန်ထမ်းဆောင်နေချိန်အတွင်း လုံးဝ(လုံးဝ)မသောက်သင့်ပါ။ "မူးလျှင်မမောင်းနဲ့၊ မောင်းလျှင်မမူးနဲ့" ဆိုသော သတိပေးချက်ကို တိတိကျကျ လိုက်နာသင့်ပါသည်။**

- **ပြင်းထန်သော သွေးတိုးရောဂါရှိသူများ၊ ဆီးချိုရောဂါရှိသူများ၊ နှလုံးနှင့်ပတ်သက်သောရောဂါရှိသူများ၊ မျက်စိအာရုံချို့တဲ့သူများအနေဖြင့် ခရီးသည်တင်ယာဉ်များ၊ အဝေးပြေးကုန်တင်ယာဉ်များ မမောင်းနှင်သင့်ပါ။**
- **ယာဉ်ထိန်းရဲဌာနနှင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနတို့က သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်များ၊ လမ်းအမှတ်အသားများကို တစ်သဝေမတိမ်း တိကျစွာလိုက်နာသင့်ပါသည်။**
- **ခရီးသည်တင် ဘတ်စ်ကားများအနေဖြင့် တစ်စီးနှင့်တစ်စီးအပြိုင်အဆိုင် အလုအယက် ကျော်တက်မောင်းနှင်ခြင်းကို လုံးဝ(လုံးဝ) မပြုလုပ်သင့်ပါ။**

လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လမ်းအသုံးပြုသူများဘက်မှ စည်းကမ်းလိုက်နာကြရန် လိုအပ်သကဲ့သို့၊ တစ်ဖက်မှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများဘက်မှ တိကျစွာ ကြပ်မတ်စစ်ဆေးခြင်း၊ မလိုက်နာပါက ထိရောက်စွာ အရေးယူခြင်းစသော လုပ်ငန်းများကို ပုံမှန်လုပ်ဆောင်သင့်သည်။ အမြန်ယာဉ်၊ အနှေးယာဉ်စသော စက်မဲ့နှင့် စက်တပ်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းလုပ်ငန်းများ လုပ်ဆောင်သကဲ့သို့၊ တစ်ဖက်မှလည်း လမ်းစည်းကမ်းဖောက်ဖျက်သော ခြေလျင်သွား ခရီးသည်များအား ထိရောက်သော စစ်ဆေးအရေးယူမှုများကို ပုံမှန်ပြုလုပ်သင့်သည်။

ရန်ကုန်မြို့တွင်းမှ ခရီးသည်တင်ယာဉ်အများစုသည် ယာဉ်ထိန်းရဲနှင့် မော်တော်ယာဉ်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများရှေ့တွင်သာ သတ်မှတ်စည်းကမ်းအတိုင်းမောင်းနှင်ကြပြီး၊ စစ်ဆေးကြပ်မတ်မှုမရှိသည့်အခါများတွင် ထင်သလိုမောင်းနှင်ကြသည်များရှိနေပါသည်။ ဥပမာအားဖြင့် ခရီးသည်တင် လိုင်းကားများပေါ်တွင် ကုန်ပစ္စည်းတင်ဆောင်ခြင်း၊ အပြိုင်အဆိုင် အလုအယက် မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့ကျော်တက်ခြင်း၊ မျဉ်းကျားတွင် ရပ်မပေးခြင်း အပါအဝင် စည်းကမ်းဖောက်ဖျက်မှုများကို နည်းမျိုးစုံဖြင့် ပြုလုပ်နေကြသည်များ ရှိနေသည်။ ထို့အတူ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများကလည်း လူကလည်း ကားကိုမကြောက်၊ ကားကလည်း လူကိုမရှောင်ဆိုသလို လူက ဦးလျှင် လူကအတင်းဖြတ်၊ ကားကဦးလျှင် ကားက အတင်းမောင်းဖြစ်နေသည်။

စာရေးသူ၏ ဆရာတစ်ဦး အနောက်နိုင်ငံတစ်ခုသို့ ရောက်ရှိရာတွင် ကားလမ်းဖြတ်ကူးသည့်အခါ၌ မျဉ်းကျားတွင် အဆိုပါ ဆရာတစ်ဦးတည်းသာ လမ်းကူးရန် စောင့်နေခိုက်နှင့်ကြုံသော်လည်း ကားတန်းကြီးသည် ရပ်ပေးသည်ကို ကြုံတွေ့ခဲ့ရကြောင်း၊ စည်းကမ်းနှင့်အညီ ဆက်ဆံသည်ကိုတွေ့ရကြောင်းဖြင့် စာရေးသူ၏ ဆရာက ပြန်လည်ပြောပြဖူးသည်။

ရန်ကုန်မြို့တော်အတွင်းတွင် မြို့တွင်းမြို့နယ်များ၌ပင်လျှင် မျဉ်းကျားတွင် ကားများရပ်မပေးဘဲ လမ်းကူးမည့် လူများကသာ ကားများရှင်းသည်အထိ ရပ်စောင့်နေကြသည်ကို တွေ့မြင်ကြရသည်ဖြစ်ရာ တာဝန်ရှိသူများအပိုင်းက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သင့်သည်။ ယခုအခါ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်မှုများ တိုးတက်ပြုလုပ်နေသည့်အတွက် နိုင်ငံခြားသားများ အဝင်အထွက်ပိုမိုတိုးတက်များပြားလာသည်ဖြစ်ရာ မျဉ်းကျားတွင် လမ်းဖြတ်ကူးသူများအား ကားများက စည်းကမ်းနှင့်အညီ ရပ်နားစောင့်ဆိုင်းပေးခြင်းအပါအဝင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နိုင်ငံတကာတွင် ကျင့်သုံးသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရန် ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ကို ပြုလုပ်ခြင်း၊ ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများကလည်း အသိတရားဖြင့် လိုက်နာစောင့်ထိန်းကြခြင်းတို့ဖြင့် (ယာဉ်ထိန်းရဲရှိမှ အရေးယူခံရမည်ကို ကြောက်သဖြင့် လိုက်နာခြင်းထက်၊ ပင်ကိုအသိတရားဖြင့် စည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်းဖြင့်) စည်းကမ်းရှိသောတိုင်းပြည်၊ စည်းကမ်းရှိသောလူမျိုး ဆိုသည်ကို ကမ္ဘာကသိစေရန် ကြိုးပမ်းအားထုတ်သင့်သည်။

လမ်းအန္တရာယ်ဆိုရာ၌ မီးရထားလမ်းပေါ်တွင် ဖြစ်ပွားနိုင်သော အန္တရာယ်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ မီးရထားလမ်းပေါ်တွင် မီးရထားလာနေချိန်၌ မဆင်မခြင်လမ်းဖြတ်ကူးခြင်း၊ မီးရထားလမ်းပေါ်တွင် ဈေးသည်များ စည်းကမ်းမဲ့ရောင်းချနေခြင်း၊ မီးရထားခေါင်မိုးပေါ်မှစီးခြင်း၊ ကားလမ်းနှင့် မီးရထားလမ်းဆုံရာတွင် အချို့နေရာများ၌ ဂိတ်တံခါးများမရှိခြင်း၊ ရှိသော်လည်း စနစ်တကျမပိတ်ခြင်း၊ မော်တော်ယာဉ်များကလည်း ရထားလာသည်ကို မကြည့်ဘဲ မဆင်မခြင်မောင်းနှင်ခြင်း စသည်တို့သည် မီးရထားလမ်းပေါ်၌ ဖြစ်ပွားနိုင်သော အန္တရာယ်အချို့ ဖြစ်သည်။ ရထားစီးခရီးသည်များ၊ ရထားလမ်းပေါ်တွင် သွားလာနေကြသူများသည် မီးရထားဘူတာများ၌ ကပ်ထားသော **မိမိအသက်ကိုတန်ဖိုးထားလျှင်** ဆိုသည့် သတိပေးကြော်ငြာများကို ဖတ်ရှုလိုက်နာသင့်သည်။ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့်လည်း မော်တော်ကားလမ်းနှင့် မီးရထားလမ်းဆုံနေရာများတွင် မီးရထားလာ၊ မလာကို ကြည့်၍ အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြု မောင်းနှင်သင့်သည်။

ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် ပြင်ပရောက်သည်နှင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ထော်လာဂျီခေါ် အင်ဂျင်တစ်လုံးဖြင့် မောင်းနှင်သည့် ယာဉ်များအား ကျေးလက်နေ ပြည်သူများ၏ ခရီးသွားလာရေး၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၌ တွင်ကျယ်စွာ အသုံးပြုနေကြသည်။ အဆိုပါ ထော်လာဂျီယာဉ်များကို မောင်းနှင်သူများအနေဖြင့် အခြား ခရီးသည်တင်ယာဉ်များနည်းတူ မိမိတို့မောင်းနှင်ရသည့် စက်ပစ္စည်းနှင့် ပတ်သက်၍ အချိန်အခါမရွေး ကြုံတွေ့နိုင်သည့် အန္တရာယ်များကို သိရှိနားလည်ထားပြီး ဂရုပြုထိန်းသိမ်းမောင်းနှင်ကြရန် လိုအပ်သည်။ သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် မိမိတို့မြို့နယ်အတွင်းရှိ ထော်လာဂျီပိုင်ရှင်များနှင့် မောင်းနှင်သူများ အားလုံး (ဖြစ်နိုင်ပါက ကျေးလက်နေ ပြည်သူများကိုပါ) ထော်လာဂျီနှင့် ခရီးသွားလာရာတွင်၊ ကုန်ပစ္စည်းသယ်ပို့ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သင့်သည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် စုပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ကျွန်တော်တို့လည်း တာဝန်ရှိပါသည်။ ကျွန်မတို့လည်း တာဝန်ရှိပါသည် ဆိုသောစာသားလေးကို အမြဲသတိရပြီး လမ်းအသုံးပြုနေကြသူများအားလုံး ကိုယ်နှင့်သက်ဆိုင်ရာ စည်းကမ်းများကို ကိုယ်စီကိုယ်ငှ လိုက်နာဆောင်ရွက်ကြလျှင် ထိခိုက်မှုအန္တရာယ်များမှ ကင်းဝေးကြမည်ဖြစ်ပါ ကြောင်း ရေးသားတင်ပြအပ်သည်။ ။

မျိုးဆက်ပွားကျန်းမာရေးစီမံချက် နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲဖွင့်

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့် ဂျပန်နိုင်ငံအခြေစိုက် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Japanese Organization for International Cooperation in Family Planning (JOICFP) တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးစီမံချက် နှစ်ပတ်လည် ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကြီးကြပ်မှုကော်မတီ နာယကများ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Najib M Assifi နှင့် တာဝန်ရှိသူများ၊ JOICFP မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ရှိ စီမံချက်ဝင် ၇၅ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ်သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့(UNFPA)မှ ဌာနေကိုယ်စားလှယ် Mr. Najib M Assifi က ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲကို ဧပြီ ၆ ရက်အထိ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၁ ရက်ကကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင် စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် မျိုးဆက်ပွား ကျန်းမာရေးစီမံချက် နှစ်ပတ်လည် ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရွှေမန်းနှစ်ထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရွှေမန်း နှစ်ထပ်ကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၆၅ ခုနှောင်းတန်ခူးလပြည့်နေ့နံနက် ၈ နာရီက အဆိုပါကျောင်းတိုက် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်းဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ ရွှေမန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလနှင့် ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး အလှူရှင်များဖြစ်ကြသော ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဗီဒီယို၊ ဓာတ်ပုံ)၊ ဒေါက်တာဆန်းဝင်း၊ ဒေါ်စန်းစန်းမေ၊ ဦးမျိုးမြင့်အောင်၊ ဒေါ်ကြည်လှိုင်၊ ဦးကျော်ထွန်းနှင့်အစ်မ ဒေါ်စန်းစန်းနွဲ့ [မိုးသီးအထူးကုဆေးခန်း(၁၊ ၂)နှင့် မိုးသီးသောက်ရေသန့်] ဦးမောင်ကြီး၊ ဒေါ်တင်တင်အုန်းတို့ တက်ရောက်ကြသည်။

အဆိုပါကျပ်သိန်းငါးရာတန်နှစ်ထပ် ကျောင်းတော်သစ်ကြီးကို ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလွင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၆–၄–၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၀	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	စွန်ချောင်းရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar Made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English For Everyday Use.
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
၁၇:၁၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၂၅	၇။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၃၅	၈။	တောင်းဆုပြည့်စုံမြတ်ဘုရားရွှေတိဂုံ(အပိုင်း–၃)
၁၇:၅၀	၉။	ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉:၁၅	၁၃။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၀	၁၄။	ကြေးမုံရိပ်သွင် တေးနုယဉ်
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတမ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၂၀)

အဆင့်မြင့်တန်းအနိုင်အရှုံး

ရန်ကုန် ဧပြီ ၅

သစ်တောရေးရာ – လေးဂိုး
မြို့တော်စည်ပင် – နှစ်ဂိုး

လယ်ယာ/ဆည်မြောင်း–လေးဂိုး
လျှပ်စစ်စွမ်းအား – သုံးဂိုး

(မြန်မာ့အလင်း)

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ဒုတိယအသုတ်အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများကြေညာ

ရန်ကုန် ဧပြီ ၅

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၃–၂၀၀၄ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ဧပြီ ၂၁ရက်မှ ၃၀ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို မေ ၄ ရက်မှ ၁၀ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ် စာစစ်ဌာနများတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်) တွင် မှတ်ပုံတင်ထားသော တတိယနှစ်ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်။ တတိယနှစ်စီးပွားရေးအထူးပြု ကျောင်းသားများသည် အထက(၁) မြောက်ဥက္ကလာပ၊ အထက(၂)မြောက်ဥက္ကလာပ၊ အထက(၃)မြောက်ဥက္ကလာပ၊ အထက(၄) မြောက်ဥက္ကလာပ၊ အထက(၅)မြောက်ဥက္ကလာပ၊ အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)အထက(၄)ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်။ ကျန်တတိယနှစ်အထူးပြုအားလုံးနှင့် စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် စာမေးပွဲဖြေဆိုကြရမည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော တတိယနှစ် ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် အနီးကပ်ပို့ချ သင်တန်းများ တက်ရောက်ကြရမည်။ တတိယနှစ်မြန်မာစာအထူးပြု ကျောင်းသားများသည် အထက(၁) သန်လျင်တွင်လည်းကောင်း၊ တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၁)သန်လျင်တွင်လည်းကောင်း၊ တတိယနှစ် ဥပဒေအထူးပြုကျောင်းသားများသည် အထက(၂) သန်လျင် တွင်လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်။ ကျန်တတိယနှစ် အထူးပြုအားလုံးနှင့် စတုတ္ထနှစ်ဥပဒေ အထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် စာမေးပွဲဖြေဆိုကြရမည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲ အသီးသီးတွင် မှတ်ပုံတင်ထားသည့် တတိယနှစ်ဝိဇ္ဇာ၊ စီးပွားရေး၊ ဥပဒေအထူးပြုကျောင်းသားများနှင့် စတုတ္ထနှစ်ဥပဒေ အထူးပြုကျောင်းသားများသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများတက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည် ညီလာခံကို မတ် ၂၈ ရက်က ဓာတ်ပုံအသင်းတိုက်တွင် ကျင်းပရာ ၂၀၀၃ ခုနှစ် အခြေခံဓာတ်ပုံသင်တန်း အမှတ်စဉ်(၃၂)ပထမအစီအစဉ် (Out Door)ဓာတ်ပုံပြိုင်ပွဲ နှစ်သိမ့်(၁)ဆုရ မောင်သူရထွန်းအား မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

နှစ်ဆန်းတစ်ရက်နေ့ သောက်ရေသန့်ဘူးများဒါနပြုမည်

ရန်ကုန် ဧပြီ ၅

၁၃၆၆ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ရက် (ဧပြီ ၁၇ နှစ်ဆန်းတစ်ရက်)နေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္မောရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်အနီးမှနေ၍ သောက်ရေသန့်ဘူးများကို တစ်နေကုန် ဒါနပြုလှူဒါန်းမည်။ ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ သောက်ရေသန့် ရေဘူးလေးများအား အနည်းဆုံး ဘူး ၁၀၀ ငွေကျပ် ၃၅၀၀ နှုန်းဖြင့် လှူဒါန်းလျှင်လည်းကောင်း အလှူရှင်ကမ္ပည်းတပ် လှူဒါန်းပေးမည်ဖြစ်ပြီး အလှူရှင်ကိုယ်တိုင်လည်း လာရောက်လှူဒါန်းနိုင်၍ ဖုန်း–၃၈၁၇၃၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ချမ်းအေးကြည်သာကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (င/က)ရပ်ကွက် ပန်းရိုက်လမ်းရှိ ချမ်းအေးကြည်သာစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်၁၁နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ တိပိဋကရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကျောင်းဆောင်သစ် အလှူရှင်ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်) မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး တိပိဋကရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိဇယာဘိဝံသထံမှ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဧည့်ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်အစချီသော ပရိတ်တရားတော်များကို ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်အလှူရှင် ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်)မိသားစုများက ဆရာတော်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိပိဋကရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၅

အိမ်မဲမြို့ ကျောက်ဝိုင်းမဟာစည်သာသနာ့ရိပ်သာ ပဓာနမဟာနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒဝံသဆရာတော်ကြီး၏ (၈၆)နှစ်ပြည့် ဝိဇာတမင်္ဂလာသဘင်ကို ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ရိပ်သာ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး နှစ်စဉ်ဆောင်ရွက်မြဲဖြစ်သော သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းပွဲကို ဆရာတော်ဦးစီး၍ တပည့်ဦးကုမာရ (နယ်လှည့်ဓမ္မကထိက)နှင့်ဦးအာစိဏ္ဏ(တိုက်ကြပ်)တို့၏ စီမံထောက်ကူမှုဖြင့် ဧပြီ ၈ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရဲတပ်သားသစ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၁၈၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ၂ရက်က အမှတ်(၂) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ထွန်းဝင်း၊ ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး ဝင်းခိုင်နှင့် ကျောင်းရှိ အရာရှိ အရာခံအကြပ်တပ်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကျောင်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကမာရွတ် အ ထ က (၅) ၂၀၀၃ – ၂၀၀၄ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၈ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်က မခင်သက်ထားလှိုင်အား အခြေခံပညာ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၁၂၉)

တပ်မတော်နေ့ဂုဏ်ပြု လမ်းနှင့်တံတားဖွင့်

ရန်ကုန် ဧပြီ ၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော နန်ချွန်–ဖုံချောင်း ကျေးလက်မြေသားလမ်းနှင့် ဖွံ့ဖြိုးရေးတံတား ဖွင့်ပွဲအခမ်း အနားကို မတ် ၂၅ရက်တွင် အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ကျင်းပရာ ရေတာရှည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆–၄–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ မြန်မာသင်္ကြန်
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Hypothesis Testing II (စီးပွားရေး၊ စီးပွားစီမံ)
၅း၃၀ ၈။ မြန်မာသင်္ကြန်
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဥဏ်ကျယ်လေး”** (အပိုင်း–၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ လျှပ်တစ်ပြက်
၁၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”** (အပိုင်း–၂၉)
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရထိရောက်စွာအရေးယူမည်။

၃။ “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည်စ်နွမ်းပါစေနှင့်”

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း



အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲအတွက်ပူးတွဲလေ့ကျင့်ရန် မြန်မာဂူရှူးအားကစားအဖွဲ့ တရုတ်နိုင်ငံထွက်ခွာ

ရန်ကုန် ဧပြီ ၅

၂၀၀၄ ခုနှစ် နိုဝင်ဘာ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ခြောက်ကြိမ်မြောက် အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲနှင့် ၂၀၀၅ ခုနှစ် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ လရှည်လေ့ကျင့်မှုများပြုလုပ်ရန် အဖွဲ့ဝင် ၂၂ဦးပါဝင်သော မြန်မာဂူရှူးအားကစားအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာဂူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် နည်းစနစ်မှူး ဦးခွန်ဂျာအောင်က လိုက်ပါဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားအားကစားသမားများအဖြစ် သိန်းထိုက်ဦး၊ စိုးမိုးအောင်၊ သူရိန်ထွန်း၊ ရန်ဝင်းကြည်၊ မင်းမင်းထွန်း၊ မောင်မောင်သန်း၊ သူငြိမ်း၊ သန်းထိုက်ဦး၊ ခင်မောင်ထွေး၊ အောင်ဆန်းယု၊ ထွန်းထွန်းဦး၊ စသာ ဌေးနှင့်လှမိုးတို့ပါဝင်ကြပြီး အမျိုးသမီး အားကစားသမားများအဖြစ် ရာဇာခိုင်၊ သဥ္ဇာစိုး၊ စီစီစိန်၊ လဲ့လဲ့ဝင်း၊ နန်းကလျာလှိုင်၊ ဆွေဝင့်၊ နန်းစိုးယုနိုင်၊ မိုးဝါနှင့် သင်းမြတ်မော်တို့ ပါဝင်ကြသည်။**(အပေါ်ပုံ)**

ယခုထွက်ခွာသွားကြသော မြန်မာဂူရှူးအားကစားအဖွဲ့သည် ဆန်းဆိုအားကစားနည်းအတွက် လေ့ကျင့်ကြမည်ဖြစ်ပြီး ဒုတိယအသုတ်ထွက်ခွာခြင်း ဖြစ်သည်။ ထောက်လုအားကစားနည်းအတွက် လေ့ကျင့်ကြမည့် မြန်မာဂူရှူးအားကစားသမားများသည် မတ် ၁၇ ရက်က ပထမအသုတ်အဖြစ်ထွက်ခွာသွားခဲ့ကြပြီး တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်ဖူကျိုးမြို့၌ ကြိုတင်လေ့ကျင့်လျက်ရှိကြသည်။

(မြန်မာ့အလင်း)

မြန်မာကုန်စည်ပြပွဲ ၂၀၀၄ နောက်ဆုံးနေ့ခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာကုန်စည်ပြပွဲ ၂၀၀၄ ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့နောက်ဆုံးနေ့အဖြစ် Quartz International Co., Ltd. က ခင်းကျင်းပြသရာ ရန်ကုန်ကမာရွတ်မြို့နယ် မာလာလမ်းသွယ် အမှတ်(၆၁၅၊စီ–၂)ရှိ Great Summit Int'L Co, Ltd. ၏ ကိုရီးယားလာမီနိတ် ရောင်စုံကြမ်းခင်းများပြခန်း၊ Winner Plastic Manufacturing Co., Ltd. ၏ အိမ်သုံး၊ရုံးသုံး Modern Furniture နှင့် ဗီရို၊ အံဆွဲများ၊ ကျောင်းနှင့် ဆေးခန်းသုံး ပလတ်စတစ် လက်ဆွဲဘူးများပြခန်း၊ Lion Lady Enterprise အင်အားစု စားသောက်ကုန်လုပ်ငန်း၏ ဖရဲသီး၊ ရွှေဖရုံသီး၊ မြေပဲကြော်၊ ချဉ်ပေါင်ဟင်း (အခြောက်)နှင့် အကြော်မျိုးစုံပြခန်းနှင့် အခြားထုတ်ကုန်၊ သွင်းကုန်ပစ္စည်းပြခန်းများပါဝင်ပြီး ပြခန်းအလှဆုံးပြင်ဆင်မှုဆုရ ပန်းဝတ်မှုန်တိုင်းရင်းဆေးဝါးလုပ်ငန်းပြခန်းကို မန်နေဂျင်းဒါရိုက်တာ ဒေါ်မြတ်သက်အေးက ဂုဏ်ပြုဆုချီးမြှင့်လိုက်သည်။ **(အောက်ပုံ)**



စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းတစ်ခု ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဝိုင်းမော်၌ဖမ်းမိ

ရန်ကုန် ဧပြီ ၅

နယ်မြေခံတပ်မတော်သားများ၊ တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ် အထူးဒေသ (၁နှင့်၂)တို့မှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်၂၄ရက် နံနက် ၈နာရီ မိနစ် ၂၀ခန့်က ဝိုင်းမော်မြို့နယ် ဆဒုံဒေသတဘူဘွန် တောင်ကြော မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း(ဒီ–၇၈၉၄၅၇)တွင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှင်းလင်းခဲ့ရာ တဲငါးလုံးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်သည့်စက်တစ်လုံး၊ အီသိုင်းဗယ်န်လင် ၁၅ ကီလို၊ ဖီနိုင်းအက်ဆီတစ်အက်ဆစ် (အဖြူမှုန့်)ကီလို ၂၄၀၀၊ ဆိုဒီယမ်ဟိုက်ဒြောဆိုက်ဘူး ၁၀၀၀၊ အမိုနီးယမ်ကလိုရိုဒ်တစ်ဘူး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးမှုန့်မျိုးစုံ ကီလို ၇၀၊ အရောင်တင်ဆေးမှုန့်မျိုးစုံဘူး ၄၀၊ အရိုးမီးသွေး ၁၀၂ကီလို၊ အီသာ ၅၁၉၇လီတာ၊ ဟိုက်ဒြိုကလိုရစ် အက်ဆစ် ၂၁၇၈လီတာ၊ အရက်ပြန် ၈၁၁၈လီတာ၊ ရေခဲသေတ္တာသုံးလုံး၊ မော်တာလေးလုံး၊ လေမှုတ်စက်နှစ်လုံး၊ ဓာတ်ငွေ့အိုးအလုံး ၃၀၊သံလေအိုးလေးလုံး၊ ပလတ်စတစ်ခွံ ၁၆၅ လုံး၊ သံပေပါ ၅၂လုံး၊ ၂၀ ကေဗွီအေ မီးစက်ကြီးနှစ်လုံး၊ မူးယစ်ဆေးပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းမျိုးစုံ ၁၁ မျိုးတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်သည့်စခန်း ဓာတ်ပုံမှတ်တမ်း

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးဒေသ တဘူဘွန်တောင်ကြော မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ်အနီး ခန့်မှန်းမြေပုံညွှန်း(ဒီ–၇၈၉၄၅၇)ရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်လျက်ရှိသည့် စခန်းကို သိမ်းဆည်းရမိခဲ့မှု ဓာတ်ပုံမှတ်တမ်းများ။

(သတင်းစဉ်)

ဧပြီ ၄ ရက်က ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကကြီးမှူး၍ မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ စုငွေဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်အုန်းက စာအောင်သံဃာများနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ **(က–ပ)**

ဒဿနသမ္ပဒါသတိပဋ္ဌာန် ဓမ္မသင်တန်း

ရန်ကုန် ဧပြီ ၅

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၂)ရပ်ကွက် ဓမ္မစေတီလမ်းရှိ ဓမ္မစေတီထေရဝါဒ သာသနာပြုကျောင်းတိုက်၌ ဒဿနသမ္ပဒါ သတိပဋ္ဌာန်ဓမ္မသင်တန်းကို ဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တ ကောသလ္လ မဟာဓမ္မာစရိယ (M.A, Buddhism)က ဟောကြားပြသပို့ချမည်ဖြစ်၍ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အထိ ညစဉ်၇နာရီတွင် ကြွရောက် တရားနာယူကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မွေးနေ့ဆုမွန်လွှာ

ချစ်သမီးငယ်လေး **ဖူးပြည့်သော်(ပြည့်ပြည့်)**၏ ၆–၄–၂၀၀၄ရက်တွင်ကျရောက်သော မွေးနေ့မှစ၍ လိုအင်ဆန္ဒဟူသမျှ ရာသက်ပန်ပြီးပြည့်စုံပါစေ။

ချစ်ဖေဖေ– ဦးမျိုးသော်ဇင်(ကိုတိုး)
ချစ်မေမေ– ဒေါ်သီတာ
ချစ်မမကြီး–မေဖူးသော်(ပုံ့ပုံ့)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၆–၄–၂၀၀၄ ရက်တွင် ကျရောက်သော သမီးအထွေးဆုံး **ဥရွှေရည်ချစ်** ၏ (၁)နှစ်မြောက် မွေးနေ့မှသည် အသက်ထက်ဆုံးတိုင် အနာဂတ်ဘဝတစ်လျှောက်လုံး ကျန်းမာချမ်းသာပြီး အောင်မြင်မှုများစွာဖြင့် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်သည့် သမီးကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘိုးဘိုး–ဘွားဘွား–ဦးချစ်ဟန်–ဒေါ်မြကြည်
ဘွားဘွား–ဒေါ်ခင်မေ
ဖေဖေ–ဗိုလ်ကြီးအေးချစ်
မေမေ–မနီနီ(ရွှေရည်ပွဲရုံလုပ်ငန်း)
ကိုကိုကြီး–သော်ဇင်ထက် 3rd Year (Eco)
ကိုကိုလေး–သူရအောင်ထက် T.T.C (လှိုင်)
မမ–နန်းရွှေရည်ထက်

မဟာစည်မူဝိပဿနာ အလုပ်ပေးတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီးတွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒီဃနိကာယကောဝိဒ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အင်္ဂိသအရှင်သူမြတ်က ၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက် (ဧပြီ၁၀ရက်)မှ တန်ခူးလပြည့်ကျော် ၁၃ရက် (ဧပြီ၁၇ရက်)အထိ ခုနစ်ရက်တိုင်တိုင် သံဃာတော်များ၊ သာမဏေများနှင့် လူယောဂီပုဂ္ဂိုလ်များအား မဟာစည်မူ ဝိပဿနာအလုပ်ပေးတရားများ ဟောကြားမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် တန်ခူးလပြည့်ကျော် ၆ ရက် (ဧပြီ ၁၀ရက်) ညနေ ၃နာရီအရောက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်သို့ လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှစီစဉ်သည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ စည်းကမ်းတကျကျင်းပမည်။

နေရာ။ **သိမ်ဖြူကားအမောင်းသင်ကွင်းအတွင်း ကန်ရိပ်သာလမ်းနှင့် ဗညားဒလလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

နေ့/အချိန်။ ၁၂–၄–၂၀၀၄ရက် ညနေ၃နာရီ နံ့သာသွေးပွဲ။
၁၃–၄–၂၀၀၄ရက် နံနက်၈နာရီ ဘုရားရေသပ္ပာယ်ပွဲ၊ ရခိုင်ရိုးရာ သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ရေလောင်းပွဲ။
၁၄၊၁၅၊၁၆–၄–၂၀၀၄ ရက် နံနက်၈နာရီမှ ၁၁ နာရီနှင့် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီ ရခိုင်ရိုးရာသင်္ကြန်ရေလောင်းပွဲ။

ရေလောင်းမဏ္ဍပ်ဝင်လိုသူ အမျိုးသမီးများနှင့် စိတ်ပါဝင်စားသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ကြပါရန်။

ဒေါ်နုမြဖံ ဖုန်း–၃၇၁၅၃၉၊ ဒေါ်စောခင်တင့် ဖုန်း–၇၀၉၇၈၅၊ ဒေါ်မြဝင်း ဖုန်း–၅၇၃၁၄၃၊ ဒေါ်မြမေ ဖုန်း–၂၄၉၉၁၄၊ ဦးသာအေး ဖုန်း–၀၉၈၀–၂၃၃၈၆၊ ဦးဇော်အေးမောင် ဖုန်း–၂၉၈၁၅၄၊ ဦးလှမြင့် ဖုန်း–၆၈၁၈၂၆၊ ဒေါ်ခင်စောဝေ ဖုန်း–၂၈၉၇၄၅။

– (စစ်တွေကောလိပ် ကျောင်းသား/သူဟောင်းများသို့)
– မတွေ့ရတာကြာပြီဖြစ်တဲ့ ငါတို့သူငယ်ချင်းတွေ
– ဒီနှစ်ရန်ကုန်မှာ ကျင်းပမည့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်မှာ
– ပျော်ပျော်ပါးပါး တွေ့ဆုံရေလောင်းကြရအောင်–

စစ်တွေကောလိပ် ကျောင်းသား/သူဟောင်းများ။

လက်ထပ်ပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ Seattel မြို့နေ
ဦးကြင်စန်း–ဒေါ်တင်ကြည်
တို့၏သား
ဒေါက်တာမောင်မောင်ဦး M.D.,
F.A.C.P.,
Consultant Medical Oncologist/ Hematologist
(Overlake Hospital Medical Center), (Evergreen Hospital Medical Center),
(ခေတ္တ-U.S.A)
နှင့်
ရန်ကုန်မြို့နေ
[ဒုတိယဗိုလ်မှူးကြီး စန်းမြင့်(ငြိမ်း) (ခ)မောင်စန်း]တပ်မှူး (စက်/လက်တပ်)(ငြိမ်း)
နည်းပြမှူးကြီး (နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်)(ငြိမ်း) အကြံပေးအရာရှိ
(ပို့ဆောင်ရေးဝန်ကြီးဌာန)(ငြိမ်း)
ဗိုလ်ကြီးဒေါ်စုစု (ငြိမ်း) (ခ) ခင်စုစုစီ (တပ်မတော်ဆေးရုံကြီး)
တို့၏သမီး
မသန္တာစုမြင့်(ခ)နီတာ
မြန်မာ့လက်ရွေးစင် (သေနတ်ပစ်)
B.Sc (Physics),D.C.Sc.,
Dip in Environmental (Planning & Management),
Y.U.F.L(French) Second Year,
Dip in Computer Arts (Level III),B.D.F. (2)(2/2000), M.P.A II
(ခေတ္တ-U.S.A) တို့ကို

နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ၂၇–၆–၂၀၀၃ ရက်တွင် စေ့စပ်ကြောင်းလမ်းပေးခဲ့ပြီး ၃၀–၃–၂၀၀၄ ရက်တွင် အမေရိကန်နိုင်ငံ Seattel မြို့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမောင်မောင်ဦး–မသန္တာစုမြင့်။

အများသိစေရန်

မန္တလေးမြို့ သီရိမာလာအိမ်ရာစခန်း အကွက်(၁၉၀) ခရေဆောင် တိုက်ခန်း(၃)မှာ ရန်ကုန်မြို့ တာမွေ မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဘယသုဒ္ဓိ လမ်း အမှတ် (၉၄/၉၆)နေ ဦးမင်းကျော်သူ ၉/ပမန(နိုင်)၀၂၃၁၂၉နှင့် အဆိုပါ တိုက်ခန်းတွင် လက်ရှိနေထိုင်သော ဦးရွှင်ချိန်(ခ)ဦးဆွန်ပေါင်းရင်း ၉/မမန(နိုင်)၀၇၄၉၆၈တို့ နှစ်ဦး ပူးတွဲပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။

ဦးမင်းကျော်သူမသိဘဲ အဆိုပါ တိုက်ခန်းအား ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ အိမ်ငှား တင်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်ယု(ဆကာကြီး) H.G.P
စဉ်–၈၂၉၃၊ အထက်တန်းရှေ့နေကြီး
အမှတ်(၅၇)၊ ဘဏ်လမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၅၂၄၄၁

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၅

ပဲခူးမြို့ ဥဿာမြို့သစ်ရပ်ကွက်ကြီး(၉) အဘယာရုံကျောင်း မိုးကုတ်ဓမ္မရိပ်သာတွင် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်မှ ကဆုန်လဆန်း ၂ ရက် အထိ (ဧပြီ ၁၁ ရက်မှ ၂၀ ရက်)အထိ တရားစခန်းပြုလုပ်မည်ဖြစ်ရာ ယောဂီများသည် ဧပြီ ၁၁ ရက်ညနေ ၃ နာရီအရောက် ပွဲစားကြီးကုန်း ဓာတ်ဆီဆိုင်အနီး အဘယာရုံကျောင်းသို့ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က–ပ)**

မြရောင်ရွှေဆင့် ပိတောက်ပွင့်

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

“မြရောင်ရွှေဆင့်၊ ပိတောက်ပွင့်တို့
လေနှင့်အတူ၊ နွေကိုမြူသော်
ကြင်သူ‘မေ့’နယ် မျှော်ရော့မည် ...
နွေမှာပျော်ပိုက် သူ့စရိုက်ထင့်
စိတ်ကြိုက်ပွင့်ဝေ၊ ခြွေသူခြွေလည်း
ကြွေရဲ့သည့်ဟန်၊ မမှုပြန်ခဲ့
သင်္ကြန်မိုးနှင့် ပွင့်ရော့မည်။ ။”

ပြင်စည်အောင်(ခရာတော)

အတာကူးသည့်တန်ခူးလေ၊ ရွက်သစ်ဖျန်းစ တန်ခူးလ၊ သင်္ကြန်ကျသည့် တန်ခူးလသို့ ရောက်ပြန်လေပြီ။ နှစ်ဟောင်းကိုကြဉ် နှစ်သစ်ဝင်သည့် အခါသမယတွင် မင်္ဂလာအမှုပြုကြမြဲ ဖြစ်ပါ၏။ နှစ်ဟောင်းမှ မကောင်းမှုအညစ်အကြေးများရှိခဲ့ပါက ပျောက်ပြယ်သွားစေရန် သင်္ကြန်ရေဖြင့် ဆေးကြောသည့် ထုံးတမ်းရှိခဲ့ရာ နှစ်စဉ် တန်ခူးလရောက်တိုင်း ရေသဘင်ပွဲ ဆင်နွှဲခဲ့ကြသည်မှာ မြန်မာတို့၏ နှစ်သက်ဖွယ်ရာ ရိုးရာဓလေ့တစ်ခုပင် ဖြစ်ပေသည်။

ကြည်နူးပျော်ရွှင်ဖြူစင်သည့် စိတ်ထားရှိသောကျွန်ုပ်တို့ ပြည်သူပြည်သားများသည် လစဉ်ပွဲလမ်းသဘင် ဆင်ယင်ကျင်းပမြဲဖြစ်သည်။ ဤတစ်ဆယ့်နှစ်လ ပွဲလမ်းသဘင်များတွင် တန်ခူးလ၏ ရေပွဲသဘင်ကို ကျင်းပကြရာ၌ မွန်မြတ်သော မင်္ဂလာရှိသော ယဉ်ကျေးသည့် လူမျိုး၏ စရိုက်ကို ဖော်ကျူးသောပွဲတော်ပင် ဖြစ်ပါ၏။

တန်ခူးလတွင် ရွာသောသင်္ကြန်မိုးသည် မြေပြင်ရှိ အမှိုက်သရိုက်များကို လွင့်မျောသွားစေသကဲ့သို့ လူတို့၏ နှစ်ဟောင်းမှ မကောင်းမှုကိုလည်း လွင့်မျောစင်ကြယ်သွားစေရန် သင်္ကြန်ရေဖြင့် ဆေးကြမြဲဖြစ်ပါ၏။ စိတ်၏ ရွှင်လန်းမှုကို ဖြစ်စေလို၍ နံ့သာရည်များဖြင့်လည်း ယဉ်ကျေးစွာ ဖျန်းလောင်းတတ်ကြသေးသည်။

မကောင်းမှုကို ဖယ်ခွာ ချေဖျက်နိုင်ရန်မှာ ကောင်းမှုသာလျှင်ဖြစ်ပါ၏။ ထို့ကြောင့် သင်္ကြန်အခါတွင် ကုသိုလ်ကောင်းမှုများကို နည်းမျိုးစုံဖြင့် ပြုလုပ်ကြပါသည်။ အလှူဒါနများကိုလည်း တတ်အားသမျှ ပြုကြပါသည်။ ဤသို့ကြောင့် မြတ်သော အဓိပ္ပာယ်ကိုဆောင်သည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်ပွဲတော်ကို အစွန်းအထေးမဖြစ်စေရန် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို မညှိုးနွမ်းစေရန် ထိန်းသိမ်းကြရင်း မင်္ဂလာသဘင်ပွဲကို မင်္ဂလာရှိစွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

“ဖြေမနိုင် ရေဆိုင်ဝဲသို့
မှိုင်ပွဲတဲ့သစ်စေ၊
မုတ်ကွန်းဆောင်ပျံနှင့်
ခြသေ့်ခံ မှန်ပြတင်းမှာမှ
သွင်းတဲ့လေပြည်။
မျိုလို့သာကဲရတယ်၊
သည်းနောက်ကျူဗျာပွေ
ကြွေကြွေဘွယ့်ဘနန်း၊
နှင်းသက်အထုံ
ဝရတ်ကယ် သဉ္ဇာဘုံက
ထည်ကောင်ချုံ ခြုံရုံထွေးသော်လည်း
မလုံမစုံသေးသူတို့
ဆွေးဖို့စတမ်း။ ။”

အထက်ဖော်ပြပါအတိုင်း စာဆိုတော် ဦးကြင်ဥက စာပန်းချီခြယ်မှုန်းသည်။ ရံရွှေဖော်တစ်သင်းတို့၏ မှန်သဖွယ်မပြတ်ကြည့်ရှုယုယ ပြုစုခံနေရသော နန်းတွင်းပျော် ဘုရင့်ရင်သွေးတော်များမှာ ရွှေဘုံရွှေနန်း ရွှေကြငှန်းတွင် အထိန်းတော်၊ အချော့တော်၊ အချီတော်၏ ချီချော့ဖြေဖျော်မှုတွင် မမွေ့လျော်၊ မပျော်စံနိုင်အောင် လွမ်းဆွတ်ကြရရှာသည်။ အခါရာသီ၏ သာယာမှုဒဏ်ကို မခံနိုင်ကြဘဲ လွမ်းဆွေးကြရပေသည်။

ထိုသို့ လွမ်းဆွတ်ကြေကွဲမှုမဖြစ်အောင် ဉာဏ်ဖြင့် ထိန်းချုပ်၊ စိတ်ဖြင့် သိမ်းအုပ်လျက် တည်တံ့ကြံ့ခိုင်အောင် မည်သို့ပြုလုပ်စေကာမူ မရနိုင်၊ လွမ်းဆွတ် ကြေကွဲကြရမည်သာ ဖြစ်ချေ၏။

“မြူမှုန်းလွင်ထံ
ကြူသင်းတာချိန်ယံမတော့
ရွှေဝတ်ဆံ ငုံတံညှောက်ကယ်နှင့်
ခါသင်္ကြန် ဂိမှာန်ရောက်ပြန်တော့
သိန်သရေထိန်ဝေလို့ တောက်တဲ့ပြင်
လမ်းတစ်လျှောက် သင်းပါဘိ
ဆန်းသလောက် မလင်းနိုင်ဘု
ပန်းပိတောက်မင်း။ ။”

ပြာလဲ့ကြည်လင်သော မြစ်ချောင်းများ၏ ရေအလျဉ် ဝယ် ရော်ရွက်ဝါများ လွင့်မျောလိုက်ပါသွားသည်မှာ လွမ်းမောဖွယ်ရာပင်။ ဖော်ကွာဝေးသူတို့မှာ ရွှေဥသြ၏ အလွမ်းတေးချိုချိုကြောင့် အလွမ်းပိုရပြန်သည်။ တရားဓမ္မ လိုက်စားသက်ဝင်ကြသော သူများအဖို့ သင်္ခါရသဘော အရ ရော်ကျနေသော ရွက်ဝါ၏ဖြစ်စဉ်ကို ကြည့်ကာ အနိစ္စသဘောကို ပို၍ သိနိုင်ကြမည်။ နွေရာသီကား သဘာဝပတ်ဝန်းကျင်အားဖြင့် သာယာကြည်လင်သော အချိန်၊ တောင်သူလယ်သမားများမှာ လယ်ယာလုပ်ငန်းခွင် အားလပ်သော အချိန်၌ အလှူအတန်းပြုလုပ်သောအချိန်၊ ဘာသာရေးပွဲတော်များ ကျင်းပပြုလုပ်လေ့ရှိသော အခါသမယ၊ သစ်ပင်ပန်းမန်တို့ ဖူးပွင့်ဝေစီသည့် လရာသီဖြစ်သောကြောင့် “ဖူးပွင့်ဝေစီ နွေရာသီ”ဟုပင် တင်စားဖွဲ့ဆိုခဲ့ကြသည်။

နွေအကြောင်းကို ဝန်ကြီး ပဒေသရာဇာက–

“နွေဦးကာလ မြူထသောအခါ
ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ
ဓားနီးထက်စွာ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင် ရှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့ တက်သည်တည့်လေး။ ။”

ဟူ၍ နွေ၏အလှကို ပေါ်လွင်အောင်ရေးဖွဲ့ခဲ့ပါသည်။

“ရွက်စိမ်းတစ်ရာ၊ ပန်းဝါတစ်သောင်း
ပန်းကောင်းပန်းမြတ်၊ မြစီထပ်လျက်
ရွှေချပ်ဝတ်နှ၊ ရွှေမျိုးစုသည်
မပြုမပြင်၊ လှသစ်လွင်သော
ရွှေစင်ပိတောက်၊ ပွင့်ချိန်ရောက်ခဲ့။ ။”

ဟူသည့်အတိုင်း နွေကို ဥသြရယ်၊ သင်္ကြန်ရယ်၊ ပန်းပိတောက်ရယ်က အလှဆင်ပါ၏။ နွေ၏သရုပ်ကို ပီပြင်စေသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်သင်္ကြန်ကား နှစ်သစ်ကူးချိန်၊ နှစ်ဆန်းချိန်တွင် ဆင်နွှဲရသည့်ပွဲတော် ဖြစ်ပေသည်။

မြန်မာတို့သည် သင်္ကြန်ရက်များအတွင်း၌ ပြုလုပ်ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စအဝဝ **‘အတာကမ္မ’**တို့ကို ပြုလုပ်ကြသည်။ သင်္ကြန်၏ သွင်ပြင် လက္ခဏာအဖြစ်လည်း မှတ်ယူကြသည်။ ယင်းသည့် အတာကမ္မ(ဝါ) သင်္ကြန်၏ သွင်ပြင်လက္ခဏာဟူသည်ကား အဘယ်နည်း။

သင်္ကြန်အခါကို မင်္ဂလာနေ့ထူးနေ့မြတ် မင်္ဂလာကြီး ဖြစ်သည်ဟု အစဉ်တစိုက် သမုတ်ထားခဲ့ကြသည့်အတိုင်း ထိုသင်္ကြန်ပွဲတော်အခါကြီး၊ ရက်ကြီးများတွင် မင်္ဂလာမရှိသော အလေ့အထ အပြုအမူများကို ရှောင်ရှားနိုင်သမျှ ရှောင်ကွင်းခြင်း၊ ဇနီးမောင်နှံပင် ဖြစ်လင့်ကစား မင်္ဂလာမရှိသော အလေ့များကို အငွေ့မျှမသန်းစေရခြင်း၊ ကျောင်းကန်ဘုရားသွားလာ၍ ဒါနမှု၊သီလမှု၊ ဘာဝနာမှုတို့ကို ထိုက်သည့်အားလျော်စွာ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ သမထဘာဝနာပွားခြင်းတို့သည် သင်္ကြန်ကာလ၌ပြုလုပ်အပ်သော အတာကမ္မ(ဝါ) သင်္ကြန်၏ သွင်ပြင်လက္ခဏာတို့ မည်ကုန်၏။

“ဆယ့်နှစ်လီ ဒွါဒရမှာ၊ ခါမိဿရာသီ၊ ယင်းအစဦးချီသည်၊ လတွင်မည် တန်ခူး။ စိတြ ကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင်ကျခါမှမြူး။နေ့နှင့်ညနာရီမှာ၊ သုံးဆယ်စီ မကြူး၊ နှစ်လုံးညီ တပါဒ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ၊ ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့၊ ဖူးပွင့်ချပ်စီလို့သာဖြာ။ တည့်သုံးဖဝါး ရိပ်ဆာယာမှာ၊ တူမကွာမောင်မယ်နှံ့လို့၊ မြတ်သည့်ပွဲ သင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်။ ထီးကမ္ဗုရိပ်ပျော်ငယ် ခေါင်းလျှော်တော်မူမြဲထင့်လေး။ ။”

(ဦးပုည)

ဗေဒင်ဝေါဟာရအားဖြင့် ဤလကို မိဿရာသီဟု ခေါ်၏။ မိဿ၏မူလပုဒ်မှာ မေသာဖြစ်သည်။ မေသာ သဒ္ဒါသည် ဆိတ်သတ္တဝါဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် မိဿရာသီကို အပူကြိုက်သော ဆိတ်သတ္တဝါတို့ နှစ်သက်သော ရာသီ၊ ဆိတ်နှင့်တူသော အဆင်းရှိသော ရာသီဟု ရာဇမတ္တဏ်ကျမ်း ဇောတိသတ္ထကျမ်းတို့၌ အဓိပ္ပာယ် ဖွင့်ဆိုကြသည်။

ဤလတွင် စိတြနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်မွန်းတည့်၏။ ရာသီ ရုပ်မှာ ဆိတ်ရုပ်ဖြစ်သည်။ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊ပိတောက်ပန်းတို့သည် ဤလရာသီပန်းများ ဖြစ်ကြ၏။ ဤလရာသီတွင် ဘုရင်နှင့်တကွ ပြည်သူအပေါင်းသည် နှစ်သစ်ကူးသင်္ကြန်ရေသဘင်ပွဲကို ရာသီပွဲတော်အဖြစ် ကျင်းပလေ့ရှိကြသည်။ ဤလ၌ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာ၊ ညတာညီမျှသော ရက်မစုံလဖြစ်၏။ ထို့ကြောင့် စလေဆရာကြီး ဦးပုည အစတွင် တင်ပြထားသည့် ရာသီဘွဲ့တေးထပ်ဖြင့် တန်ခူးလကို မှတ်တမ်းပြုသွားခြင်း ဖြစ်ပေသည်။

အချို့ပညာရှင်များက **‘ခေါင်းဆေးသင်္ကြန်၊ ကောင်းညွန့်လှန်၊ မကျန်စေ့စုံစွာ’**ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာ ကြန်အင်လက္ခဏာတို့ တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်း(ဝါ)ခေါင်းဆေးမင်္ဂလာပြုခြင်းတို့ပင် သင်္ကြန်ဟု ခေါ်ကြောင်း ရေးသားကြ၏။ ပကိဏ္ဏကနိပါတ်၊ ဒသဗြာဟ္မဏဇာတ်၌ ဘုရင်မင်းမြတ်များ ခေါင်းဆေးမင်္ဂလာပြုကြောင်း(ဝါ) သင်္ကြန်တော်ခေါ်ကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် သုတ်မဟာဝါ ပါဠိတော် မဟာသုဒဿနသုတ်၌ မဟာသုဒဿန၊ စကြာမင်းသည် ပန္နရသီဥပုသ်နေ့၌ တစ်သိန်းသော ဥစ္စာတို့ကို စွန့်၍ အလှူကြီးပေးပြီးလျှင် အိုး၁၆လုံး၌ရှိသော နံ့သာရည်တို့ဖြင့် သင်္ကြန်တော် ခေါ်ကြောင်းလာရှိသည်။ ထို့အတူ သီဝိရာဇဇာတ်တော်၌လည်း သိဝိမင်း သင်္ကြန်တော်ခေါ်ကြောင်းကို ပြဆိုထားသည်။

ဝေါဟာရတ္ထ ပကာသနီကျမ်းတွင် ကျော်အောင်စံထားဆရာတော်က အတာ၏ အဓိပ္ပာယ်ကို**“သင်္ကြန်အတာဟူသည်ကား ရောက်သော အဖို့တာဝန်ဟူသော အနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ်၊ နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့် အလှည့်လှည့်ရောက်သော အဖို့တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာ စသော ဆိုမိန့်ခြင်းဖြစ်၏”**ဟု ဖွင့်ပြထားသည်။

ဤဆရာတော်၏ ဆိုလိုရင်းမှာ ခုနစ်နေ့တို့သည် နှစ်သစ်နှစ်ဆန်းရက်၌ အလှည့်ကျအဖို့ တာဝန်ယူ၍ ရောက်ရသောကြောင့် အတာဟုဆိုလိုသည်။

ခေတ်အဆက်ဆက် အရှိန်အဟုန်မပျက် ထုတ်ဝေလျက်ရှိသော ဗေဒင်သုတေသီတို့၏ သင်္ကြန်စာအလိုအရ **“အာသီပြဟ္မာမင်း၏ ဦးခေါင်းကို နတ်သမီး ခုနစ်ယောက်တို့က တစ်နှစ်လျှင် တစ်ယောက်ကျစီ တာဝန်ယူ၍ ကူးပြောင်းခြင်းကို တာကူး၊ အတာကူး”**ဟု ဆိုလိုကြသည်။

အချုပ်အားဖြင့် မကောင်းမှု ဒုစရိုက်များကို ရှောင်၍ ကောင်းသော သုစရိုက်များကိုသာ ယဉ်ကျေးသိမ်မွေ့စွာ ပြုလုပ် နေထိုင်ခြင်းသည် သင်္ကြန်၏ လက္ခဏာပင် ဖြစ်သည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ကား ပုဂံ နရသီဟပတေ့လက်ထက်ကတည်းက ယဉ်ကျေးမှုပွဲတော်တစ်ခု ဖြစ်ခဲ့သည်။ နရသီဟပတေ့မင်းနှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းကို ကြည့်ခြင်းအားဖြင့် သင်္ကြန်ပွဲတော်တွင် နောက်ပြောင်ကျီစယ်ခြင်းများကို လျှော့ပေါ့၍ သတိထားသင့်ကြောင်း ဖော်ညွှန်းနေပါသည်။

“မြတ်မေတ္တာဖြင့် နံ့သာတစ်စက်၊
ပိတောက်ခက်နှင့် မွှေးပျံ့ရေစက်၊
သပြေခက်နှင့် ကိုယ်ထက်ပက်ဖျန်း၊
အရွယ်အိုပင်
နုပျိုစိတ်သစ်ဝင်ပေလိမ့်။ ။”

နှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာ အခါတော်နေ့တွင် ငါးများကို ဝယ်ယူကာ အောင်သပြေစိုက် ရေအိုးတို့တွင် ထည့်လျက် အိုးစည်ဗုံမောင်း ဒိုးပတ် အတီး၊အမှုတ်၊ အက၊ အခုန်များနှင့် အစုအဖွဲ့လိုက် ဘေးမဲ့ကန်တွင် ငါးလွှတ်ပွဲများပြုလုပ်ကြ၏။ စာကလေး၊ ချိုး၊ ခိုငှက် စသည်တို့ကို အနှောင်အဖွဲ့မှ လွှတ်ပေးခြင်း၊ အခြားကျွဲနွား စသည့် တိရစ္ဆာန်တို့ကိုလည်း ဘေးမဲ့လွှတ်ပေးခြင်း စသည်တို့မှာ ဇီဝိတဒါန အသက်လွှတ်ခြင်းကုသိုလ်ဖြစ်၍ သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာ ရှေ့ထားသော ဗြဟ္မစိုရ်တရားကို လက်တွေ့ကျင့်သုံးသည့် အစဉ်အလာကောင်းများ ဖြစ်ပေသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးရွယ်အို ဘိုးဘွားမိဘ၊ ဆရာသမားများတို့အား ခေါင်းလျှော်သန့်စင်ပေးခြင်း၊ အမွှေးနံ့သာ လိမ်းကျံပေးခြင်း၊ ခြေသည်း လက်သည်းလှီးပေးခြင်း၊ အဝတ်အထည် အစားအသောက်၊ အသုံးအဆောင်ပစ္စည်း၊ ဆေးဝါး၊ ငွေကြေးတို့ဖြင့် ပူဇော်ကန်တော့ခြင်းစသည် တို့မှာ အလွန်ကြီးမြတ်သည့် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းဖြစ်သည်။

(၁) ပညာဝုဍ္ဍ= ပညာအားဖြင့်ကြီးသူ၊ (၂) ဂုဏဝုဍ္ဍ= ဂုဏ်အားဖြင့် ကြီးသူ၊ (၃) ဇာတိဝုဍ္ဍ= အမျိုးအားဖြင့် ကြီးသူ၊ (၄) ဝယဝုဍ္ဍ= အရွယ်အားဖြင့် ကြီးသူတို့ဖြစ်၏။ အသက်အရွယ် ကြီးသူသည် ဝယဝုဍ္ဍပုဂ္ဂိုလ် ဖြစ်သည်။

ယခုအချိန်အထိ မြန်မာလူမျိုး သက်ကြီးရွယ်အိုများသည် သင်္ကြန်ရေသည် တစ်စက်ဖြစ်ဖြစ်၊ တစ်ပေါက်ဖြစ်ဖြစ် အန္တရာယ်ကင်းတယ်၊ သင်္ကြန်ရေကို ယဉ်ကျေးသိမ်မွေ့စွာ ကစားကြဟု သား၊ သမီး၊ မြေး၊ မြစ်တို့အား လက်ဆင့်ကမ်းဆုံးမပြောကြားနေဆဲ ရှိနေပေသည်။ ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ဇော်ဂျီပတ်လမ်းသစ်ကို မတ် ၂၅ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ဖွင့်လှစ်ပေးပြီး လမ်းကိုကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စဉ့်ကူး၌ ကျောက်ချောလမ်းဖွင့်

စဉ့်ကူး မတ် ၂၂

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့သစ် ၃လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ စဉ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်အောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

မတ် ၂၆ ရက်က မတ္တရာမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့် မီးငြိမ်းသတ်မှုအား အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးစောလွင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် များ၊ ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ ပူးပေါင်းပြုလုပ်ကြစဉ်။ (က–ပ)

မဟာသင်္ကြန်အကြို ဗီဒီယိုဇာတ်ကား ၁၁ကားဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် ဧပြီ ၄

မြန်မာ ဗီဒီယိုဇာတ်ကားများ သင်္ကြန်ပွဲတော် အကြိုအဖြစ် ဧပြီ ၅ရက်မှ ၁၁ ရက်အထိ ဇာတ်ကား ၁၁ ကား ပြသနိုင်ရန် ဖြန့်ချိမည် ဖြစ်သည်။

ထိုဇာတ်ကားများမှာ မြ ထုတ်လုပ်ရေးမှ ငြိမ်းချမ်း၊ ကောင်းကျော်တို့ ပါဝင်သော **'ဘုရားစူးမုန်းပါတယ်'**၊ ကြောင်ကမ္ဘာဗီဒီယိုမှ နေမျိုးအောင်၊ခိုင်နှင်းဝေ၊ခိုင်သင်ဇော်တို့ ပါဝင်သော **'မေတ္တာလှိုင်သောနေ့'**၊လပ်ကီးဆဲဗင်မှ လူမင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **'သားရေးသမီးရေး'**၊သုခမိန်ဗီဒီယိုမှ လွင်မိုး၊ နန္ဒာလှိုင်တို့ပါဝင်သော **'ရွှေမင်းသမီးနှင့် ဓာတ်ပုံဆရာ'**။

စိန်ငွေး ဗီဒီယိုမှ ခန့်စည်သူ၊ မျိုးစန္ဒီကျော်ပါဝင်သော **'လိပ်ပြာမနမ်းသောပန်း'**၊ မြဗီဒီယိုမှ မင်းကို၊ ယဉ်မင်းပိုက်၊ နွဲ့ဒါလီလင်းပါဝင်သော **'နဂါးပတ်လမ်းကြောင်း'**၊စိန်ပန်းမင်း ဗီဒီယိုမှ ကင်းကောင်၊ မြို့တော်ချစ်ဖွယ်၊ ကျော်ထူး၊ အာကာမြင့်အောင်တို့ ပါဝင်သော **'အရာရာနဲ့အကြောင်းကြောင်း'**၊

ကြောင်ကမ္ဘာဗီဒီယိုမှ နေမျိုးအောင်၊ နေရဲလင်း၊လှအဥ္စလီတင့် ပါဝင်သော **'ယှဉ်ပြိုင်ရဲလား'**ဇာတ်ကား၊ ခန့်ဗီဒီယိုမှ ငြိမ်းချမ်း၊ ဝိုင်းချစ်၊ ရှုဒိုးတို့ ပါဝင်သော **'မောင်တို့ယောကျ်ားတွေ'** ဇာတ်ကား၊ ဇာမဏီဗီဒီယိုမှ ရဲမင်းပိုင်၊ အေးသန္တာတို့ ပါဝင်သော **'တုံးတိုက်မယ့်ကျား'** ဇာတ်ကားများ ဖြန့်ချိမည်ဟုသိရသည်။

မေတ္တာလှိုင်သောနေ့ ဇာတ်ကားမှ နေမျိုးအောင်၊ ခိုင်နှင်းဝေနှင့် ခိုင်သင်ဇော်။



ရွှေမင်းသမီးနဲ့ ဓာတ်ပုံဆရာ ဇာတ်ကားမှ ဓာတ်ပုံဆရာအဖြစ် တွေ့ရသော လွင်မိုး။

အရာရာနဲ့ အကြောင်းကြောင်း ဇာတ်ကားမှ ကင်းကောင်၏ သရုပ်ဆောင်ဟန်။

ထို့နောက် ဧပြီ ၁၂ ရက်မှစ၍ ဗီဒီယိုဇာတ်ကားများ သင်္ကြန်ရေကိုရှောင်၍တစ်ပတ်ခန့်ဖြန့်ချိမှုရပ်ဆိုင်းထားမည်ဟုသိရသည်။ ။**(မြန်မာ့အလင်း)**

ပေါင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတို့က ပြုလုပ်သည့် ပထမပြန်စာမေးပွဲ ဖြေဆိုကြမည့် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်ခြင်းနှင့် သာသနာ့ဝင်မှတ်တမ်းများ ဆက်ကပ်ခြင်းအခမ်းအနားကို ဧပြီ ၁ရက်က ပေါင်မြို့အထကခန်းမတွင်ကျင်းပရာ ပေါင်မြို့နယ် ဦးစီးဌာနမှူး ဦးစိုးဦး၊ လက်ထောက်ဦးစီးမှူး ဦးအေးချိုနှင့် ဝန်ထမ်းများက သာသနာ့ဝင်မှတ်တမ်းများကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံ ဆက်ကပ်စဉ်။ (၂၆၀)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်ကိုကိုတက်ရောက်အမှာစကားပြောကြား

တောင်ငူ မတ် ၂၇

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ်၂၄ရက် နံနက် ၉နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မြင့်က ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်း တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ တီဘီရောဂါ အထူးကုဆရာဝန် ဒေါက်တာသင်းသင်းရီက တီဘီရောဂါအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကမ္ဘာ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများမှ ဆုရရှိသူများအား တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ပေးကြသည်။**(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးမြို့ ရှားပင်လှကျေးရွာအဝင်လမ်းဖွင့်

မကွေး မတ် ၃၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ရက် နံနက် ၇နာရီက မကွေးမြို့နယ် ရှားပင်လှကျေးရွာအဝင် မြေသားလမ်းသစ်အား မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် ရှားပင်လှ ကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ရှားပင်လှကျေးရွာအဝင် မြေသားလမ်းသစ်မှာ အရှည် သုံးဖာလုံ အကျယ်ပေ ၂၀ ရှိသည်။ ငွေကျပ် ၄၄၅၀၀၀ ဖြစ်၍ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ပိုက်စလ–ဝက်ကော် ကျေးရွာချင်းဆက်လမ်းဖွင့်

ဘိုကလေး မတ် ၂၉

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိုကလေးမြို့နယ် ပိုက်စလကျေးရွာ အုပ်စု ပိုက်စလ–ဝက်ကော်ကျေးရွာချင်းဆက်လမ်းနှင့် ကျေးရွာတွင်းလမ်းများဖွင့်ပွဲကို မတ် ၂၆ ရက်ကကျင်းပသည်။

အခမ်းအနားတွင် ပိုက်စလ–ဝက်ကော်ကျေးရွာလမ်းကို ဘိုကလေးမြို့နယ် အတွင်းရေးမှူး ဦးအောင်ကျော်မိုးနှင့် ပိုက်စလကျေးရွာ ဥက္ကဋ္ဌ ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ပိုက်စလ–ဝက်ကော်ကျေးရွာချင်းဆက်လမ်းအရှည်မှာ ၆၁၅၄ ပေနှင့် ကျေးရွာတွင်းလမ်းအရှည် ၃၀၀၅၄ ပေ မြေသားလမ်းဖြစ်ကြောင်း သိရသည်။ **(၃၉၄)**

မြန်မာ့အသံ

၇-၄-၂၀၀၄
(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သမိုင်းမှ ပေါက်ဖွားလာသော မြန်မာ့သစ်လုပ်ငန်း)

၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (အလုပဆုံးအနာဂတ်ကို ဖန်တီးခြင်း) (ဦးဝမ်ထိန်)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စုံညီအစည်းအဝေး–ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ(ဇရစ်)

၁၇:၄၅ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေး၏ ပတ္တလားလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အချိန်နှင့်အလုပ် (ဒေါက်တာဘဒ္ဒန္တဉာဏိဿရ) (၂)လွှမ်းဖွယ့်စံတိုး (ပန်းမျိုးတစ်ရာစာပေတိုက်)

၁၉:၁၅ လသာတေးသံသဝင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဇော်ဝမ်းနှင့် မို့မို့ဇော်ဝင်းတို့၏ နှစ်ကိုယ်တူချစ်သမျှ တေးစီးရီး

၂၀:၃၀ မဇ္ဈိမရီတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော

သရက်ခရိုင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်

သရက် မတ် ၂၉

သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ ဆင်ပေါင်ဝဲမြို့နယ် လှေဝန်းကျေးရွာ 'ငြိမ်းချမ်းရေး' ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို လှေဝန်းကျေးရွာ မူလတန်းကျောင်း၌ မတ် ၂၃ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြိုင်နှင့် ဆင်ပေါင်ဝဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(ဝဲပုံ)

ဆက်လက်၍ စံပြချောင်းကောက်ကျေးရွာတွင်းရှိ 'စံပြ' စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

သရက်မြို့နယ် ကျဦးရွာ'သီဟဂုဏ်ရည်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ရက် နံနက် ၉နာရီက ဖွင့်လှစ်ပေးကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ကိုဇော်နိုင်ထွန်း B.Sc (Phy) (ဓေတ္တ-ဂျပန်)

သားကြီး**ကိုဇော်**၏ ၆-၄-၂၀၀၄ ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့သော အနာဂတ်ခရီးလမ်းကို အောင်မြင်မှုတွေနဲ့ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

ဖေဖေ- ဦးအောင်ကြီး B.Sc: Geol: (ဘူမိအရာထမ်း-ငြိမ်း)
မေမေ- ဒေါ်စိုးစိုးဦး B.Sc: Geol:(မိုက်တီးအရုပ်ဆိုင်၊ မင်္ဂလာဈေး)
ညီမလေး- မအိအိဖြူ B.Sc: Phy: LCCI Level III
ညီလေး- မောင်ဇေယျာလင်း 4th Yrs B.D.S
ညီလေး- မောင်ဇေယျာဝင်း Final Part 1, IM(1)

သိပ္ပံကျော်
GCE, MBA
၂၅၁၊ ဗိုလ်ချုပ်လမ်း၊
လမ်း (၄၀)ထိပ်
ဖုန်း- ၂၈၇၆၀၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ် မေလတွင် ကျင်းပခဲ့သော ရန်ကုန် အဝေးသင်တက္ကသိုလ်(ဘွဲ့)စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဒဂုံ၊ အရှေ့ပိုင်း၊ မော်လမြိုင်၊ပုသိမ်၊ စစ်တွေ၊ ပြည်၊ ထားဝယ်၊ တောင်ငူ၊ ဟသ်ာတ၊ ပဲခူး၊ ဘားအံ၊ မြိတ်ဌာနခွဲများမှ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်သို့မဟုတ်အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို ၂လက်မ x ၁လက်မခွဲအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ် နှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲ၍ ၂၈-၅-၂၀၀၄ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူပုဂ္ဂိုလ်များသည် အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ဌာနခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများပြေလည်အောင် ပေးဆောင်ပြီးကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့်ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်သော်လည်း မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲမှတစ်ဆင့် စိစစ်ခြင်းမပြုလျှင်သော်လည်းကောင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီပေးပို့ခြင်းမပြုလျှင်သော်လည်းကောင်း၊ အခကြေးငွေများ ပေးသွင်းရန် ကျန်ရှိနေသေးလျှင်သော်လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ၂၀၀၂-၂၀၀၃ပညာသင်နှစ်မတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

တင်တင်ဝင်း (မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာ တန် ၂၀၀၀ကို ပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၄-၂၀၀၄ ရက် (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၅၀၀/-(ကျပ်ငါးရာတိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း-၂၈၂၅၃၄၊၂၄၈၁၁၂ လိုင်းခွဲ ၂၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ (ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့)



လှိုင်မဟာစည် မဟာသင်္ကြန်တရားစခန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၁ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်တက္ကသိုလ် စာတိုက် လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် မဟာသင်္ကြန်တရားစခန်းကို ၂၀၀၄ခု ဧပြီလ ၁၀ ရက်နေ့ ညနေမှ ၂၆ ရက်နေ့အထိ ၁၇ရက် ကျင်းပမည်ဖြစ်ရာ လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တ စန္ဒဝရမှ ဝိပဿနာတရားဟောကြားပြသမည်ဖြစ်ပါသည်။ မည်သူမဆို ဆွမ်း၊ ရေမီးစရိတ်အခမဲ့နှင့် ဝိပဿနာအခြေခံမှစ၍ စနစ်တကျသင်ကြားပြသပေးပြီး တရားဝင်လိုသူများ ဖုန်း-၅၂၆၁၈၂၊ ၆၅၀၈၅၅သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ဦးမြင့်စိုး ၁၂/စခန(နိုင်)၀၃၆၁၁၃ အား ပေးအပ်ထားသော ကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းကြောင်း

ကြေညာချက်

အမှတ် ၁၃၁၊ ဦးညိုလမ်းသွယ် ၇၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး အဖ ဦးအောင်ဖေ ၁၂/စခန(နိုင်)၀၃၆၁၁၃ အား ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်(ငြိမ်း) ကြည်း-၅၅၂၀ (TGO-၀၄၁၀၂၁) မှ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမှတ် ၁၅၉/၂၀၀၃ အရ ကိုယ်စားလှယ်လွှဲစာပေးအပ်ထားပါသည်။ ဦးမြင့်စိုးအား ထိုသို့ကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ခြင်းကို ယနေ့ ၁-၄-၂၀၀၄ ရက်နေ့မှစ၍အပြီးအပိုင်ပြန်လည်ရုပ်သိမ်းကြောင်းကိုအများသိစေရန် ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်(ငြိမ်း)က ကြေညာအပ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်(ငြိမ်း)
ကြည်း-၅၅၂၀(TGO-၀၄၁၀၂၁)
အမှတ် ၂၂၅၊ အောင်ချမ်းသာ ၁၂ လမ်း၊
ရန်အောင်ရပ်၊ မကွေးမြို့။

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၆၇

ကွယ်လွန်သူ ဦးအောင်ခင်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အိမ်အမှတ် ၂၄၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်ခင်၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၂၄၇ နေ ဒေါ်နုနုကြည်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်ခင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်ရှိလျှင်)ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁ ရက်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့်အမွေထိန်းလက်မှတ်မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်နုနုကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်များ ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဉာဏ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၁၁)
ရန်ကုန်တိုင်းတရားရုံး။

ဒေါ်မငယ် (ထက်ထက်ကျော်ကုန်စုံဆိုင်)
နိုင်ငံသားစိစစ်ရေးကတ်-၁၂/ကမတ(နိုင်)၀၀၃၅၇၂
လှိုင်သာယာမြို့နယ်သိစေရန်

ဒိုင်းမွန်းစတားကုမ္ပဏီမှ ဒုံးပျံတံဆိပ် ဂျုံမှုန့်များကို ဒေါ်မငယ်က ဝယ်ယူခဲ့ရာတွင် ၂၇-၂-၂၀၀၄ရက်နေ့၌ ဒိုင်းမွန်းစတားကုမ္ပဏီသို့ ဂျုံဖိုး ကျန်ငွေ ၄၃၉၉၅၀ိ/-ကို ပေးချေရန် ကျန်ရှိနေပါသည်။ ယင်းကျန်ငွေ ၄၃၉၉၅၀ိ/-ကို ဤကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း ကုမ္ပဏီသို့ပေးသွင်းရန်အကြောင်းကြားပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားချက်ရရှိပြီး ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒိုင်းမွန်းစတားကုမ္ပဏီ၏ ညွှန်ကြားချက်အရ-

ဦးကျား(စဥ်-၁၀၀၆)
ဒေါ်လှလှလွင် (စဥ်-၅၇၇၃)
တရားရုံးချုပ်ရှေ့နေများ
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။
ဖုန်း-၂၅၃၃၈၂

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

အရသာပြည့်စုံသော မြန်မာ့ထမင်းဟင်းလျာများကို သန့်ရှင်းလတ်ဆတ် ဈေးနှုန်းချိုသာစွာဖြင့်စားသုံးနိုင်ရန် သင်ဆရာ မြင်ဆရာ ကြားဆရာများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ဦးခိုက်လျက် **ဦးစံမိသားစု ထမင်းဆိုင်**ကို စားတော်ကဲ-သုတေသီဦးစိုးမြင့် ကိုယ်တိုင်ပြန်လည်ဦးစီးလျက်ရှိပါသည်။

နှစ်သစ်မင်္ဂလာတွင် စားသုံးသူမိတ်သင်္ဂဟများအားလုံး ကောင်းကျိုး လိုအင်ဆန္ဒများနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

ဦးစံမိသားစု ထမင်းဆိုင်
အမှတ် ၃၃-က၊ ၁၅လမ်း(အောက်လမ်း)နှင့် ညောင်ပင်လေး ပလာဇာ
မြေအောက်ထပ်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။



စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

မူလလက်ဟောင်း "ဆူးလေချစ်တီးထမင်းဆိုင်" ပြန်လည်ဖွင့်လှစ်ပြီ

သန့်ရှင်းလတ်ဆတ်တဲ့ "ဆူးလေချစ်တီး" ထမင်းဟင်းကောင်းကောင်းလေးစားချင်တယ်ဆိုရင်တော့ အမှတ် ၄၃၄၊ သိမ်ဖြူလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ၊ နံနက်စာအဖြစ် လက်ဖက်ရည်၊ ကော်ဖီ၊ အာလူးပူရီ၊ တိုရှည်၊ နန်းကြီးသုပ်၊ နန်းပြားသုပ်များလည်း အရသာရှိရှိလာရောက်သုံးဆောင်နိုင်ပါတယ်။ ယခင်ဆူးလေဘုရားလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကိုလာရောက်စားသုံးအားပေးဖူးသော မိတ်ဟောင်းများရဲ့တောင်းဆိုမှုကို ကျေးဇူးတုံ့ပြန်သောအားဖြင့် "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ယခုသိမ်ဖြူဈေးမှတ်တိုင်အနီး သိမ်ဖြူလမ်းမပေါ်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါတယ်။ မွေးနေ့၊ အလှူမင်္ဂလာ၊ ညှော်ခံပွဲများအတွက် အော်ဒါများလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။

နှစ်ကူးအတာသင်္ကြန်တွင်း လူကြီးမင်းများ အဆင်ပြေစွာ စားသုံးနိုင်ရန် ဆိုင်ဖွင့်လှစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **အမှတ် ၄၃၄၊ သိမ်ဖြူလမ်း၊ ဖုန်း-၂၉၀၂၅၈**

ပြန်လည်ဖြေရှင်းကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၀၂/၂၁၄)၊၆လွှာနေ ဦးလှထွန်းနှင့် ဦးလှထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှရွှေ၏ ၂၅-၃-၂၀၀၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖြေရှင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၁၉)တွင် ဖွင့်လှစ်ရောင်းချနေသော လှရွှေနှင့်ညီများ ပင်ရင်းမျက်မှန်ဆိုင်လုပ်ငန်းကို လွန်ခဲ့သည့်အနှစ်(၂၀)ကျော်ခန့်မှစ၍ မိဘ၏ အမွေဆက်ခံခဲ့သောလုပ်ငန်းဖြစ်ပြီး နောက်တိုးအနေဖြင့် လွန်ခဲ့သည့်၅နှစ်တာကာလတွင် ဖွင့်လှစ်ထားသော ယုဇနပလာဇာမြေညီထပ်၊ ဝင်ပေါက်အမှတ်(၄)၌ရှိ မျက်မှန်ဆိုင်ခွဲအပါအဝင် မျက်မှန်ဆိုင်တို့သည် ဦးလှရွှေ၊ ဦးလှထွန်း၊ ဦးလှထွေးတို့ညီအစ်ကိုသုံးဦးတို့၏ အမွေဆိုင်ပတ်သက်သည့် ဆိုင်ခန်းများဖြစ်ကြပါသည်။ လှရွှေနှင့်ညီများမျက်မှန်လုပ်ငန်းကိုလက်ရှိလုပ်ကိုင်ကြသူ ဦးလှထွန်းနှင့်ဦးလှထွေးတို့က မြန်မာပြည်အနှံ့အပြားသို့ အောက်ဒိုးသွားရောက် စမ်းသပ်ရောင်းချအောင်မြင်နေခြင်းအတွက် ဦးလှရွှေက မရှုဆိတ်ဖြင့် ဟန့်တားအနှောင့်အယှက်ဖြစ်စေရန်နှင့် ကျွန်ုပ်အမှုသည်တို့၏ဂုဏ်သိက္ခာ ညှိုးမှိန်စေရန် အလို့ငှာမဟုတ်မမှန်လုပ်ကြံ၍ ကြေညာခြင်းဖြစ်ကြောင်း ၎င်းတို့၏ညွှန်ကြားချက်အရ ပြန်လည်ဖြေရှင်းအပ်ပါသည်။

ဦးလှထွန်း၊ဦးလှထွေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ

ဦးနု (အထက်တန်းရှေ့နေ)
အမှတ်၂၆၃(က)၊ဗိုလ်အောင်ကျော်လမ်း
၁၄ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။

(၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

(၆-၄-၂၀၀၄)

FAME NEUROGIN®

PIAS

Promotion

Special Area

5% DISCOUNT

4-4-04 to 11-4-04

1-4-04 to 08-4-04

(၁၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ကိုညီညီအောင်နှင့် မစိုးစိုးခိုင် တို့၏ ၆–၄–၂၀၀၄ ရက်တွင် ကျရောက်သော (၁၃)နှစ်မြောက်မင်္ဂလာသက်တမ်းမှသည် သက်ဆုံးတိုင် သစ္စာခိုင်မြဲရွှေလက်မြဲမြဲ တွဲနိုင်ကြပါစေ။

ချစ်သူငယ်ချင်းများ – မာလာ၊ မယု၊ ပပ။

LCCI Courses

- Level I, II, III
- Dip in Secretarial Administration
- Diploma in Private Secretary's

MCC

E.S.S Co.,Ltd.

10/11/12/13.4.04

379528

Ruby 722317

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။	B.E(Electrical Power)	ကျား	၁ ဦး
၂။	AGTI(Mechanical)	ကျား	၁ ဦး
၃။	AGTI(Electrical Power)	ကျား	၂ ဦး
၄။	နန်းဆွဲ(ပီနံအိတ်ကျွမ်းကျင်)	ကျား	၁၅ ဦး

လျှောက်ထားလိုသူများသည် ဓာတ်ပုံသုံးပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ၁၁–၄–၂၀၀၄ ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ လစာကောင်းကောင်းပေးမည်။

အမှတ် ၇/၈၊ စက်မှုဇုန်(၄)၊ ရွှေပြည်သာမြို့။

စုံစမ်းရန် ဖုန်း– ၆၁၀၇၃၃၊ ၀၉–၅၀၂၂၂၈၂

09-5003646

(01) 382323, 382337, 251230, 681310, 663317, 660283, 02-80227

Premiere Lucky Draw Programme (5)

Program

TRAVEL SERVICE

HOTEL

HOTEL MAX

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မဝင်းသန္တာမျိုး ၁၂/ဥကတ(နိုင်) ၁၃၄၈၃၂ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ၊ မိမိသဘောဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးမျိုးညွန့် ၁၂/ဥကတ (နိုင်) ၀၅၄၅၈၇။

ဒေါ်ခင်စန်းရီ ၁၂/ဥကတ (နိုင်) ၀၅၄၅၂၁။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေတစ်ဦး၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မြေကွက်အမှတ် ၁၉ မြေတိုင်းရပ်ကွက်အမှတ် 26 F6၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကဟုခေါ်တွင်သော အမှတ် ၉၃ သရက်တော ၃ လမ်း၊ သရက်တောရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ မြေနှင့်အိမ်ကို ဝယ်ယူရန်အတွက် ဦးဆုအောင် ၁၂/တမန(နိုင်)၀၅၇၄၅၁ နှင့် ဒေါ်ယဉ်လှ ၁၂/တမန(နိုင်)၀၄၁၇၆၇ တို့အား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးသိန်းညွန့်

B.A., H.G.P., R.L., D.B.L., D.M.L တရားရုံးချုပ်ရှေ့နေ

ရုံး–အမှတ် ၅၈၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၇၀၉၄၁၃

အိမ်–အမှတ် ၃၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၀၀၂၅၁

အမည်ပြောင်း

အဖ ဦးစောရှိုးရှိထွန်း၏ သား မောင်အောင်သီဟ (ဒုတိယနှစ်) စီးပွားရေး ဒဂုံ တက္ကသိုလ်အား စောကဲဒိုဟု ပြောင်းလဲခေါ်ပါရန်။ **စောကဲဒို။**

အမည်ပြောင်း

အဖ ဦးမောင်မောင်နိုင်၏ သား အမက(၁) ဗဟန်း ပထမတန်း (ခ)မှ မောင်သူရထက်ဇော်အား မောင်ကောင်းခန့်ပိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်ကောင်းခန့်ပိုင်။**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ဗိုလ်ချုပ်လမ်း၊ အိုးအိမ်ရုံးချုပ်အနီး ပေ ၃၀ x ပေ ၆၀ မြေညီ၊ ထပ်ခိုးပါ ဖုန်း– ရေ၊ မီး ၂၄နာရီ။

၂။ ဘုရင့်နောင်၊ သစ်တောဦးစီးအနီး ထောင့်ကွက်၊ ၂ထပ်တိုက်၊ စက်ရေတွင်း၊ ပါဝါ မီတာ၊ ဖုန်းပါ။

ဆက်သွယ်ရန်

ဖုန်း – ၆၆၂၆၄၅၊ ၅၀၃၀၉၆

ကျေးဇူးတင်ရှိခြင်း

ဆရာမကြီးနော်သူးလေဖော (a) Naw Rosebelle Khin Mg

အမျိုးသမီးဌာန(တာဝန်ခံ)မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်

အသက် (၅၄)နှစ်

၂၉–၃–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဆရာမကြီး နော်သူးလေဖော နာမကျန်းဖြစ်စဉ် အထူးကုစေတနာထား၍ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သွေးရောဂါအထူးကုဌာန အထူးကြပ်မတ်ကုသဆောင်၊ သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး၊ ဆရာဝန်ဆရာမများနှင့် ဝန်ထမ်းများ၊ M.B.Cအရာရှိများနှင့် ဌာနများ၊ မြန်မာနိုင်ငံခရစ်ယာန် အသင်းတော်များကောင်စီ၊ ပြည်တွင်း ပြည်ပမှအသင်းတော်များ မိတ်ဆွေများ၊ ဓမ္မတက္ကသိုလ်များ၊ သွေးလှူရှင်များအားလည်းကောင်း၊ ၃၁–၃–၂၀၀၄ရက်ဈာပန အခမ်းအနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော သိက္ခာတော်ရဆရာ ဆရာမကြီးများ၊ အသင်းအဖွဲ့များနှင့် ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ ပေးပို့ကြသူများ၊ ရုပ်ဝေးရုပ်နီးမှ သတင်းမေးအားပေးကြသူများ၊ ဝမ်းနည်းခြင်း သဝဏ်လွှာပေးပို့ ကြသူများ၊ မေတ္တာပြကူညီသူမိတ်ဆွေများအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းအောင်
မန်နေဂျာ(ငြိမ်း) ကုန်သွယ်/လယ်ယာ
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမနလမ်း၊ အမှတ် ၅၇၀ နေ ဦးဘသောင်း–(ဒေါ်ကြွေညွန့်)တို့၏ သားကြီး၊ (ဦးစန်း–ဒေါ်ပန်းသင်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသန်းအောင်–ဒေါ်ခင်သင်းကြည်၊ ဦးသန်းမြင့်–ဒေါ်ခင်မြိုင်၊ (ဦးစန်းသွင်)–ဒေါ်ညွန့်ညွန့်ဝင်း (အထက–၂၊ သဃ်န်းကျွန်း၊ ငြိမ်း)၊ ဒုရဲအုပ်ဆန်းထွန်း(မှူခင်းတပ်ဖွဲ့)–ဒေါ်ညွန့်ညွန့်ကြည် (ဦးစီးအရာရှိ၊ စွမ်းအင်စီမံရေးဦးစီးဌာန)တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီး သောင်းဦး(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)–မခင်အိအိဝင်း၊ မောင်ဇော်ဝင်းထွန်း(Royal Star Shipping Management)–မစန်းနွယ်အေး၊ မောင်အောင်ကျော်ထူး–မအေးအေးလှိုင်၊ မအေးမြင့်သန်း(Dr. Reddy's Lab)၏ ဖခင်၊ မဆုလဲ့ဝေ (TTC)၊ မောင်ရဲခန့်၊ မောင်ပြည့်ဖြိုးပိုင်တို့၏ အဘိုးသည် ၄–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် စံပြဆေးရုံကြီး သဃ်န်းကျွန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးသန်းဝင်းအောင် အလုပ်သင်(၆)
အသက်(၄၇)နှစ်

၃၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျောင်းဆင်းသူငယ်ချင်းများ။

ဦးပီတာ (အင်းနစ်)
ရေကြောင်းဦးစီး
(ဘောလုံးနည်းပြဟောင်း)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပယင်းလမ်း၊ အမှတ် ၁၂ နေ (ဦးဘာဘာ)–ဒေါ်မြကြီးတို့၏သားကြီး၊ ဒေါ်နီနီမာ၏ခင်ပွန်း၊ မောင်ဇော်နီလွင်၊ မဝါဝါလွင်၊ မောင်ဝင်းလွင်၊ (မောင်ဇာနီလွင်)၊ မဇင်မာလွင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၅–၄–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၅း၁၀ နာရီတွင် အမှတ် ၃၄၊ ခတ္တာလမ်း၊ စမ်းချောင်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ
(ညောင်လေးပင်မြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၂၀/၃၂၂ နေ ဦးဘိုနီ(ခ)ဦးသိန်းလွင်၏ဇနီး၊ ရန်ကုန်မြို့၊ အင်းလျားလမ်းနေ ဦးဘိုစိန်–ဒေါ်အုန်းတင်၊ ပဲခူးမြို့နေ ဦးအောင်ထွန်း–ဒေါ်ခင်ညွန့်၊ ရန်ကုန်မြို့နေ (ဦးမျိုးသိမ်း)–ဒေါ်သိန်းကြည်၊ ဦးသန်းလွင်–ဒေါ်စိန်စိန်တို့၏ ညီမ၊ ဦးဝင်းမြိုင်–ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ထွေးမူ၊ (ဦးတင့်လွင်)–ဒေါ်ခင်အေးမြင့်၊ ဦးသိန်းဝင်း – ဒေါ်ခင်သန်းမြင့်တို့၏ အစ်မသည် ၄–၄–၂၀၀၄ရက် ည၇း၄၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု။

မစန္ဒာကျော်(ခ)မီးငယ်
အသက်(၃၂)နှစ်

မန္တလေးမြို့နေ (ဦးအေးမောင်–ဒေါ်အုံး)၊ (ဦးစပ်ခွန်လှိုင်–ဒေါ်နန်းရင်)တို့၏မြေး၊ ဦးကျော်ဒင်(အင်ဂျင်နီယာချုပ်၊မြန်မာ့ရေနံတူးဖော်ရေး၊MOGE)–ဒေါ်စောတန်တို့၏သမီး၊ ဦးမြသောင်း–ဒေါ်မြခင်တို့၏သမီးချွေးမ၊ကိုဇော်မိုးနိုင် (တိုင်းစာရင်းစစ်ရုံး၊ မကွေး)၏ ဇနီးသည် ၁–၄–၂၀၀၄ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၄–၂၀၀၄ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၃၂၈၊ ၇၆လမ်း၊၂၇X၂၈ လမ်းကြားနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးလှထွန်းညွန့်
စစ်တောင်းစက္ကူစက်(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးခင်ညွန့်–ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးခင်မြ)–ဒေါ်ခင်ကြည်တို့၏တူ၊ ဒေါ်အေးအေးကြိုင်–(ဦးတင်အေး)တို့၏မောင်၊ (ဒေါ်မြင့်မြင့်ရီ–ဦးမောင်အေး)၊ ဦးမြင့်ဆွေ–ဒေါ်ညွန့်ရီ၊ ဦးသန်းညွန့်–ဒေါ်ခင်စန်းဝင်းတို့၏ အစ်ကိုသည် ၄–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးရွှေမြ၏သမီး မရွှေမိ ၁၂/တမန(နိုင်)၀၃၅၅၄၂ အား မရွှေမိ (ခ) မယင်းမာခိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မရွှေမိ(ခ)မယင်းမာခိုင်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂–၃–၂၀၀၄ရက် မြန်မာ့အလင်းသတင်းစာ ကံပွင့်အမွေးတိုင် ကုန်အမှတ်တံဆိပ်ကြော်ငြာမှ ဦးအောင်မြင့်အား တရားရုံးချုပ်ရှေ့နေ၊ ဦးခင်ဇော်အား အထက်တန်းရှေ့နေဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးတင်ရှိခြင်း

၃၁–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသန်းဌေး(၅၃)နှစ် (B.A, Eco၊ မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း) နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါအထူးကုဌာနမှ သမားတော်ကြီးနှင့် အထူးကုဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ရပ်ကွက်သူ ရပ်ကွက်သားများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဗိုလ်မှူးဇော်လင်း (ငြိမ်း)
D.S.A အပတ်စဉ်(၇)
ဒုညွှန်ကြားရေးမှူး(ငြိမ်း)
နိုင်ငံတော်ကောင်စီရုံး
ရှေ့နေချုပ်ရုံး
ပန်းဘဲတန်းစစ်မှုထမ်းဟောင်းအဖွဲ့
အသက်(၆၂)နှစ်

(ဦးကိုကိုကြီး–ဒေါ်တင်တင်)တို့၏သား၊ (ဦးရှိန်–ဒေါ်စောလွင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ တိုက်အမှတ် ၂၂၊ အခန်း ၆၊ ဒုတိယထပ်(ဝဲဘက်)ခန်းနေ ဒေါ်ခိုင်ခိုင်(ဒေါ်ခင်မြိုင်)၏ခင်ပွန်း၊ (ကိုလင်းဝဏ္ဏ)၊ ကိုလင်းသူရ–မအေးအေးဟန်၊ ကိုလင်းနန္ဒ–မခင်မေကြူ၊ (ကိုလင်းဇေယျ)၊ ကိုလင်းသီဟ(လ/ထ မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)–မအေးအေးချောတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၅–၄–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ
(ညောင်လေးပင်မြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၂၀/၃၂၂ နေ (ဦးလှမောင်–ဒေါ်သန်း)တို့၏သမီးကြီး၊ (ဦးကြမ်း–ဒေါ်ညွန့်ယုံ)တို့၏သမီးချွေးမ၊ ဦးဘိုနီ(ခ)ဦးသိန်းလွင်၏ဇနီး၊ ဦးဇော်ဦး–ဒေါ်ညွန့်ညွန့်ရီ၊ ဦးသိန်းဇော်–ဒေါ်တင်တင်ဦး၊ ဦးထွန်းဇော်–ဒေါ်အေးအေးကြူ (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ရုံးချုပ်)၊ ဒေါ်ချိုချိုလွင်(ကထိက၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏မိခင်၊ ဗိုလ်လောင်းသန့်ဇော်လွင်[နောက်ဆုံးနှစ်၊ အပိုင်း(ခ)၊တပ်မတော်ဆေးတက္ကသိုလ်]၊ မနှင်းပွင့်လွင်၊ မမေဓွန်ဦး၊ မချယ်ရီဦး၊ မောင်သူရိန်ထက်၊ မောင်အောင်ခန့်ထွန်းဇော်၊ မရှင်နှင်းနှင်းဥတို့၏အဘွားသည် ၄–၄–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အမှတ် ၃၂၀၊ ရွှေဘုံသာလမ်း နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှထွန်းညွန့်
စစ်တောင်းစက္ကူစက်(ငြိမ်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊(၄)ရပ်ကွက်၊အမှတ်၇၃ နေ ဒေါ်သောင်းသောင်းမြင့်၏ခင်ပွန်း၊ ကိုကျော်ဇောဦး–မအေးအေးမြင့်၊ ကိုအောင်သိန်းထွန်း–မနွယ်နီ၊ ကိုရဲဇော်ထွန်း–မအေးအေးသင်း၊ ကိုရဲအောင်ထွန်း–မမြင့်မြင့်ထွေး၊ ကိုမိုးဇော်ထွန်း–မဥမ္မာတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄–၄–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက်၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒူဝါဂေါ်ဇမ်ဇော်ဖန်
အသက်(၆၃)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာ ယခင်နေ (ဦးဂေါ်ဇမ်ဇော်တောင်–ဒေါ်လရှီးတောမ်)တို့၏ သား၊ ပြင်ဦးလွင်မြို့၊ ထ/၈၊ စွယ်တော်လမ်းနေ ဒေါ်မရှုရှယ်ထွယ်၏ခင်ပွန်း၊ ဒေါ်ဂေါ်ဇမ်နန်တောင်–ဦးဂျွမ်ဂမ်ဖန်၊ ဒေါ်ဂေါ်ဇမ်နန်ဘန်– ဒူဝါမရစ်ဇော်လွမ်၊ ဦးဂေါ်ဇမ်ခွန်လွန်း–ဒေါ်ဒွမ်ဖောင်းကော့ဖန်၊ မဂေါ်ဇမ်နန်ဆန်၊ မောင်ဂေါ်ဇမ်ခွန်နော်တို့၏ ဖခင်၊ မြေးကိုးယောက် တို့၏အဘိုး၊ (ဒေါ်ဂေါ်ဇမ်ဆိုင်းတောင်–ဦးဖုန်ဂန်ဇော်လီ)၊ ဒေါ်ဂေါ်ဇမ်နန်ဘောက်–(ဦးလမိုင်တူး)၊ ဒေါ်ဂေါ်ဇမ်နန်ဒွဲ–ဦးဇော်ယော်၊ (ဒေါ်ဂေါ်ဇမ်နန်ထု–ဦးကရိန်လလိုင်း)၊ ဒေါ်ဂေါ်ဇမ်နန်ထန်–(ဦးခွန်ထွန်း)၊ ဒေါ်ဂေါ်ဇမ်နန်တောမ်–ဦးဆန်းဒေးတို့၏မောင်၊ ဒေါ်ဂေါ်ဇမ်နန်ပရီ – ဦးဇော်အောင်၊ ဦးဂေါ်ဇမ်ဇော်နော် – ဒေါ်နန်းမူ၊ (ဦးဂေါ်ဇမ်ဇော်အောင်)–ဒေါ်နန်စင်တို့၏အစ်ကိုသည် ၃–၄–၂၀၀၄ ရက် နံနက် ၁၀း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆–၄–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော် စမ်းချောင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရွှေ (ကွမ်းခြံကုန်း)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ဒေါပုံမြို့နယ်၊ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၅၁ နေ(ဦးပန်–ဒေါ်အေးရင်)တို့၏သမီး၊ (ဦးမောင်လှ–ဒေါ်တင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးတင်အောင်)၏ဇနီး၊ ဦးချစ်စိန်–(ဒေါ်သိန်း)၊ဒေါ်သိန်းရှင်၊ ဦးကွမ်း–ဒေါ်သိန်းတင်တို့၏အစ်မ၊ ဦးမျိုးသိန်း (ရေကြောင်းအရာရှိ၊ ပြည်ပ)–ဒေါ်ခင်မြင့်(ပြည်သူ့အင်အားဦးစီးဌာန)၊ [ဦးရွှေဝင်း(ခ)ဦးချစ်တီး]၊ ဦးမြအေး(MPPE၊ ခရိုတော)၊ဦးမြဌေး(MEPE)–ဒေါ်စိုးရီ၊ ဦးကံညွန့်၊ ဦးမြတ်လေး(အကောက်ခွန်)–ဒေါ်အေးစန္ဒာ၊ ဦးသိန်းနိုင်–ဒေါ်မြင့်မြင့်သန်း(ဆေးဆိုးလုပ်ငန်း)၊ ဦးဝင်းနိုင်–ဒေါ်မိုးဆွေ၊ မောင်မြတ်သန်း (အကောက်ခွန်)တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၃–၄–၂၀၀၄ ရက်(စနေနေ့) ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Gin Go Thang
(Buanli)
အသက်(၆၅)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နေ Nu Dim Go Lian ၏ခင်ပွန်း၊ (Pu Gin Nang– Pi Neng Za Ngai)တို့၏ သားဦး၊ Pa Cin Khan Pau– Nu Ning Khan Dim (ကလေးမြို့)၊ Nu Cing Sial Vung– Pa Zam Do Nang၊ Pa Nang Lian Mung– Nu Cing En Niang (စိန်ပန်းအပ်ချုပ်ဆိုင်)၊ (Nu Cing Zen Ciin၊ Nu Ning Khan Zen– Pa Kam Lian Pau)၊ Pa Khai En Lian– Nu Zam Lun Niang (ပြည်တော်သာ)၊ Lian Suan တို့၏ အစ်ကိုကြီး၊ ဆရာမ Ngai Dim Niang (Lecturer,MTS)–ဆရာ Pau Lian Mang (Lecturer, YTS)၊ Pa Nang Lian Kham– Nu Cing Khan Vung၊ ဆရာ Pau Suan Kam (Lecturer, TTC)– Nu Dim Lam Vung၊ Pa Zam Sian Dal– Nu Man Huai Lun၊ ဆရာ Nang Sawm Piang၊ Tg. Mung Hau Thawn၊ Tg. Lian Swam Sing (ပနှစ်၊ ဘူမိဂုဏ်ထူးတန်း၊ ဒဂုံတက္ကသိုလ်)၊ Lia Vung San Nuam တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄–၄–၂၀၀၄ရက် နံနက် ၄း၁၅နာရီတွင်တီးတိန်မြို့ ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ပွဲစား ဦးသော်တာထွဋ်
(မုံရွာ)
အသက်(၄၄)နှစ်

မုံရွာမြို့၊ ညောင်တစ်ပင်လမ်းနေ ဦးညီမောင်–(ဒေါ်ခင်ခင်စိုး)(အောင်စုမွန်ပွဲရုံ၊ ညောင်တစ်ပင်လမ်း၊ဘုရားကြီးရပ်ကွက်)တို့၏သား၊ ဒေါ်မာလာထွဋ်၏ မောင်၊ မမာမာအေး၏ခင်ပွန်း၊ မောင်ဇော်မင်းထွဋ်(YTC၊ ဒုတိယနှစ်)၊ မယမင်းထွဋ်၊ မရွှေစင်ထွဋ်(အထက–၁၊ မုံရွာ)၊ မအေးမြတ်သော်တာတို့၏ ဖခင်သည် ၅–၄–၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် မန္တလေး နန်းတော်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် ညနေ ၄ နာရီတွင် မုံရွာမြို့၊ ညောင်တစ်ပင်လမ်းနေအိမ်မှ ဆာကျဉ်းသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်း၊
သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်လှခင် (ရွှေကျင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ် ၁၅(ဒီ)၊ ကုက္ကိုင်းရိပ်သာလမ်းနေ (ဦးတင်အေး)၏ဇနီး၊ ဦးမျိုးအေး–ဒေါ်ခင်ခင်၊ ဦးညီညီလွင်(ဒုညွှန်ချုပ်၊ ငြိမ်း) အကြံပေး ပုဂ္ဂိုလ်၊ မွေး/ရေညွှန်ကြားမှုဦးစီးဌာန–ဒေါ်နန်းစီဖောင်း၊ ဦးမောင်မောင်–ဒေါ်ဦးခင်တို့၏မိခင်၊ (မမြတ်ဆွေအေး)၊ ဗိုလ်မှူးဝင်းကိုကို၊ မောင်မျိုးထွဋ်–မချိုမာအောင်၊ဒေါက်တာမြတ်ဆွေလွင်၊ မသက်သက်ခိုင်–မောင်မြသောင်းထွန်း၊ မခင်ဆွေသက်–မောင်ကျော်မျိုးဇော်၊ မောင်ကျော်စိုးလွင်တို့၏အဘွား၊မြစ်သုံးယောက်တို့၏အဘွားသည် ၅–၄–၂၀၀၄ရက် နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း (မြောင်းမြ)
အသက်(၈၂)နှစ်

မြောင်းမြမြို့နေ (ဦးထွန်းမောင်–ဒေါ်ဆင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ(တိုက်ဟောင်း)၊ တိုက် ၁၈/၁၂ နေ (ဦးလှကျော်)၏ဇနီး၊ ဦးချစ်ထွန်း(ကကဆက်၊ ငြိမ်း)–ဒေါ်ရီရီလှ(လ/ထ ညွှန်မှူး၊ ကုန်သွယ်ဦးစီး)၊ ဦးကျော်မင်း (Myanmar Li Way Way Co.)–ဒေါ်ကြူကြူလှ (ဦးစီးအရာရှိနိုင်ငံသားပြုဌာနခွဲ)၊ဒေါ်ညီညီလှ (လ/ထညွှန်မှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ မိခင်/ကလေး၊ ဗဟို)၊ ဦးလှကြိုင်(စာရင်းစစ်မှူး၊ မော်ဘီစာရင်းရုံး)–ဒေါ်ဖြူဖြူလှ (စာရင်းစစ်မှူး၊ မော်ဘီ စာရင်းရုံး)၊ တကကသန်းအောင်(တပ်မတော်–ရေ)–ဒေါ်မို့မို့မာ၊ ဦးလှခိုင် (ကိုပြိုးလေး၊ SPMP) – ဒေါ်ရီရီမာ (Sein Min Co.)တို့၏မိခင်၊မောင်ကျော်ကျော်ထက်၊ မောင်အောင်ဥာဏ်ဖြိုး (B.Tech, Civil၊ မအူပင် G.T.C)၊ မောင်ထက်ဖေဟိန်း(ဒုနှစ်၊ ဥပဒေ)၊ ဗိုလ်လောင်းစိုးသူရ(နောက်ဆုံးနှစ်၊ အပိုင်း–က၊ D.S.M.A)၊ မဖြူပိုးဥ(တနှစ်၊ IC ဒဂုံတက္ကသိုလ်)၊မောင်ထက်ခိုင်လင်း(ဒုတိယတန်း၊ အထက–၂၊ စမ်းချောင်း)တို့၏အဘွားသည် ၄–၄–၂၀၀၄ရက် မွန်းလွဲ ၁း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈–၄–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဥ
(ဝက်ချောင်း၊ကျောင်းကုန်း)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁ လမ်း၊ အမှတ် ၈၄ (ဒုတိယထပ်)နေ (ဦးစစ်ကြည်–ဒေါ်ငွေရင်)တို့၏ သမီးထွေး၊ (ဦးစိုးဝင်း)–ဒေါ်တင်တင်နု၊ ဒေါ်ခင်ပုတို့၏ညီမ၊ ကိုအောင်မျိုး–မခိုင်ခိုင်ငြိမ်း၊ ကိုအောင်မြိုင်–မသင်းသင်းအေးတို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားလေးသည် ၅–၄–၂၀၀၄ရက် မွန်းလွဲ ၁း၅၀ နာရီတွင် ဗဟိုရိုးစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း
(ပေါင်းတည်)
အသက်(၅၃)နှစ်

ပေါင်းတည်မြို့၊နွယ်ချို(၁)ရပ်ကွက်၊ နန်းဦးလမ်းနေ (ဦးစံတင့်–ဒေါ်မြညွန့်)တို့၏ သား၊ (ဒေါ်သန်းသန်းဦး)၏ခင်ပွန်း၊ မအေးသီတာထွန်း(MRTV)၊ မောင်ဇင်ဇော်ထက်ထွန်း၊ မောင်မင်းမင်းဗိုလ်၊ မောင်ပြည့်ဖြိုး(ထ–၁၊ ဒဂုံ)တို့၏ ဖခင်သည် ၄–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၄း၅၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆–၄–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကားများ တိုက် ၁၂၊ အခန်း ၃၀၁၊ အောင်ဇေယျာအိမ်ရာ၊ (၂၆)ရပ်ကွက်၊ (တ)ဒဂုံနေအိမ်မှ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိဇယ မဟာထေရ်
ကျိုက္ကစံအရှေ့ကျောင်းတိုက် ပဓာနနာယက
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ကျိုက္ကစံအရှေ့ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိဇယမဟာထေရ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် ၅–၄–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ဆရာတော်ကြီး၏ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (၇–၄–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ကျိုက္ကစံအရှေ့ကျောင်းတိုက်ကြီး၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပြုလုပ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဦးနန္ဒမာလာနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပန်းယျှအုပ်စု သံဃနာယကဥက္ကဋ္ဌ
ကျေးဇူးတော်ရှင် ဘဒ္ဒန္တ ဝဏ္ဏိတ မဟာထေရ်မြတ်
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ပန်းယျှအုပ်စုကျေးရွာ၊စွယ်နီတိုက်ကျောင်းမကျောင်း၏ဦးစီးပဓာနနာယက ပန်းယျှအုပ်စု သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ဝဏ္ဏိတ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက် (၂၇–၃–၂၀၀၄ရက်) စနေနေ့ ညနေ ၄း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၆ ရက် (၁၀–၄–၂၀၀၄ရက်) စနေနေ့တွင် အန္တိမ အဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ကြည်ကြည်လှ
(ညောင်လေးပင်မြို့)
အသက်(၇၆)နှစ်

ညောင်လေးပင်မြို့၊ ဈေးရှေ့လမ်းနေ (ဦးလှမောင်–ဒေါ်သန်း)တို့၏သမီးကြီး၊ ဦးထွန်းရီ (Grace General Trading Co. ဥက္ကဋ္ဌ၊ ညောင်လေးပင်မြို့နယ် အသင်း၊ ဒုဥက္ကဋ္ဌ)–ဒေါ်တင်တင်စိုး၊ ဦးစန်းမောင်(ဟိုတယ်/ခရီး၊ငြိမ်း)–ဒေါ်မြင့်မြင့်လှ (ဆရာမ၊ ငြိမ်း)၊ ဦးလှမြင့် (ဒုတိယအထွေထွေမန်နေဂျာ၊ ဟိုတယ်/ခရီး၊ ယမကာလုပ်ငန်း)–ဒေါ်သန်းသန်းလှတို့၏အစ်မကြီးသည် ၄–၄–၂၀၀၄ရက် ည ၇း၄၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါ်အေးမြင့်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၊ ၆ လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းညွန့်–ဒေါ်သိန်းတင်)တို့၏သမီး၊ ဦးအောင်မြင့်၏ဇနီး၊ ကိုခင်မောင်သန်း–မနှင်းနှင်းအေး၊ ကိုဇော်မင်းအောင်–မခိုင်ခိုင်အေး၊ မစန်းစန်းဌေး၊ မောင်ထွန်းထွန်းဝင်း၊ မောင်ထွန်းထွန်းလင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၅–၄–၂၀၀၄ရက် မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဟန်ဘွားကျော်
B.A (Hist)
အထက(၂)ကမာရွတ်
ကျောင်းသားဟောင်း
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ မ/ဒဂုံ၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ် ၃၆၁/၁၅၀၀ နေ ဦးကျော်ဝင်းအောင်(ရန်ကုန်တိုင်း သမဝါယမအသင်းစု၊ ငြိမ်း)–ဒေါ်လှလှမြင့် (ဒေါ်ပဲ)တို့၏ သားငယ်၊ ကိုဘုန်းမိုးကျော်–မဥမ္မာဝမ်၊ ကိုစောထွန်းဦး–မမာမာကျော်တို့၏ ညီ/မောင်၊ မဇာဇာကျော်(KBZ ဘဏ်)၏ အစ်ကိုသည် ၄–၄–၂၀၀၄ရက် ည ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅–၄–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၁၀–၄–၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျိုင်းတုံအသင်း(ရန်ကုန်)
ဒေါ်လှခင်
အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ် ၁၅(ဒီ)နေ ရာသက်ပန်အသင်းဝင်များဖြစ်သော ဦးညီညီလွင်–ဒေါ်နန်းစီဖောင်းတို့၏မိခင်သည် ၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၄–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ပါသဖြင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဦးအောင်လွင်
(အရာခံဗိုလ်၊ငြိမ်း)
တပ်မတော်ဆေးရုံကြီး၊မင်္ဂလာဒုံ
သဲကုန်းမြို့နယ်
အသက်(၇၁)နှစ်

ထောက်ကြန့်မြို့နယ်၊ တိလောကရပ်ကွက်၊ အမှတ် ၁၈၊ မိတ္တလမ်းနေ (ဦးတင့်–ဒေါ်ငွေ) ၏သား၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ မနီလာအောင်–ကိုရဲထွဋ်အောင်၊ မနွယ်နွယ်အောင်– (ကိုနေဝင်းဦး)၊ ကိုတင်ထွဋ်အောင်–မဖြူဖြူနှင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆–၄–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုင်းတင်ငွေ
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(U.N.V Anguilla)
အသက်(၆၁)နှစ်

ခန္တီးမြို့နေ(ဦးဘိုးရင်–ဒေါ်နန်းဟိန်)တို့၏သား၊ ဦးဘိုးချို–(ဒေါ်နန်းပန်းစိန်)တို့၏ သားသမက်၊ (ဦးသန်းဆိုင်)–ဒေါ်မေရီ၊(ဦးခင်မောင်ရင်)–ဒေါ်ငွေချယ်၊ (ဒေါ်အေးကြိုင်)၊ (ဦးတင်မောင်ရင်)–ဒေါ်အုန်းတို့၏ညီ၊ ဦးတင်ရွှေရင် (ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး)–ဒေါ်ခင်စိန်လှိုင်၊ ဦးမိုးဇော်သွင်–ဒေါ်မြသန်းရီ၊ ဦးစိုင်းနိုင်သူ–ဒေါ်နန်းစိန်အေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေစင်လမ်း၊ အမှတ် ၁၃၂/၂နေ ဒေါ်စုစုချို၏ ခင်ပွန်း၊ နန်းမိုးနွမ်၊ စိုင်းဆိုင်မိုင်း (B.Econ)၊ နန်းဟွမ်ခမ်း(B.Com, CPA 1)တို့၏ဖခင်သည် ၄–၄–၂၀၀၄ ရက် (တနင်္ဂနွေ နေ့)ညနေ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၄–၂၀၀၄ ရက်(အင်္ဂါနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဗိုလ်ချုပ်မြင့်ဆွေ ရွှေတောင်တိုက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ် စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ သာသနဝိသောဓနီသိမ်တော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့ တက်ရောက် ပူဇော်ကြည်ညိုသည်။

စာမျက်နှာ ၉ ကော်လံ ၁ ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရွှေတောင်တိုက်သစ်စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

ယနေ့ထုတ်စောင်ရေ – ၂၀၀၇၃၄

ကျိုင်းတောင်းရေတံခွန်၏ အလှကို ဤသို့ သာမောဖွယ် တွေ့ရသည်။ **(ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသားခင်မောင်ဝင်း)**

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း

သတင်းဆောင်းပါး–မောင်မောင်ထွေး၊ ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသားခင်မောင်ဝင်း

ရန်ကုန် ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့ ရှေးအစဉ်အလာ ပြောကြားချက်များအရ မြတ်ဗုဒ္ဓဘုရားရှင်သည် တုန်ဟုန်းကျေးရွာ အရှေ့မြောက်ဘက်ရှိ နမ့်ဟူးကျေးရွာအနီး ကျောက်တောင်၊ ကျောက်ဂူအတွင်း သီတင်းသုံးကျိန်းစက်တော်မူခဲ့ဖူးသည်ကိုအစွဲပြု၍ ရှမ်းဘာသာစကားအရ 'လွိုင်နွမ်း' ကျိန်းတောင်ဟုခေါ်တွင်လာခဲ့ရာမှ ကာလရွေ့လျားလာသောအခါ 'ကျိန်းတောင်'မှ 'ကျိုင်းတောင်း'ဟု ဖြစ်ပေါ်လာကြောင်း သိရသည်။

အရှေ့ဘက်တွင်ကား သံလွင်မြစ်၊ အရှေ့မြောက်ဆီက အမြင့်၅၈၃၄ပေ ရှိသော လွိုင်မုန်မုန်းတောင်၊ အရှေ့ဘက်ဆီမှာ လွိုင်တောက်၊ လွိုင်မောင်မောင်း၊ လွိုင်တုံကင်း၊ လွိုင်အင်တောင်များနှင့် ကျိုင်းတောင်းမြို့ကလေး။

ကျိုင်းတောင်းမြို့၏ထူးခြားမှုအရှိဆုံး၊ အထင်ရှားဆုံးနှင့် လူသိအများဆုံးဝိသေသမှာမူ ကျိုင်းတောင်းမြို့တွင် ဖြတ်သန်းစီးဆင်းနေသည့် နမ့်တိန်းချောင်း၌ အမြင့်ပေ၄၁၀မှ အောက်သို့အဆက်မပြတ် တဝေါဝေါဖြင့် တစ်ဟုန်ထိုးစီးဆင်းနေသည့် တက်ဘုံအိုင်(တက်လုံ)ရေတံခွန်ပင်ဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့ယဉ်ကျေးမှုသကြန်

✳ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
✳ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရခိုင်ရိုးရာသင်္ကြန် ဘုရားရေသပ္ပာယ်ပွဲနှင့် နံ့သာသွေးပွဲတော်

သတင်းဆောင်းပါး – သုအောင်၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

"လတန်ခူးပေမို့
အလှထူးပါပေ့
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ"

ရာသီမသိ ပန်းနှင့်ညီ ဆိုသကဲ့သို့ တန်ခူးလရောက်ပြီဆိုလျှင် တန်ခူး၏ပုံရိပ် ပန်းပိတောက်တို့သည် ပင်ယံထက်တွင် ဘယ်ယိမ်းညာနွဲ့ဖြင့် ဝေဝေဆာဆာ ဖူးပွင့်လေ့ရှိသည်။ တော်ဝင်ပန်းကဲ့သို့ မြတ်မြတ်နိုးနိုး ပိတောက်ပန်ဆင်ကြသည်။

ဤလဤအခါသည် ဖက်စွပ်မိုးရွာလေ့ရှိရာ မိုးနံ့ရေနံ့ ပိတောက်နံ့တို့မှာ မြေသင်းနံ့နှင့်ရောလျက် သင်းပျံ့ကြိုင်လှိုင်နေတတ်ပေသည်။ ဤသည်မှာ မြန်မာတို့၏ဆယ့်နှစ်လရာသီပွဲတော်များအနက် ပျော်ရွှင်ချမ်းမြေ့ဖွယ် အကောင်းဆုံးသော သင်္ကြန်ပွဲတော်ကြီးဆင်နွှဲရတော့မည့် ရှေ့ပြေးနိမိတ်လက္ခဏာဖြစ်ပေသည်။

အတာရေသဘင်ပွဲတော်–

အတာဆိုသည်မှာ ကူးပြောင်းခြင်းဟူ၍ အဓိပ္ပာယ်ရသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်သို့ပါမလာစေရန် အတာရေဖြင့် ဆေးကြောခြင်းဖြစ်ပေသည်။ လူကြီးသူမတို့သည် ဥပုသ်သီတင်း သီလ ဆောက်တည်ခြင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ အသက်လွှတ်ခြင်း စသည့် ဒါန၊ သီလများဖြင့် ဆေးကြောကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက မြန်မာ့အလင်းသို့ရှင်းပြစဉ်။ **ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)**